
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၁၉၀၉၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၅၀၅၅၄၀၅၀၁

**စီစဉ်သူ**

**စန္ဒီ**

**ထုတ်ဝေသူ**

ဦးကျော်ဆန်း (ရဲအောင်စာပေ)

အမှတ် (၂)၊ ချွန်း (၁)လမ်း၊ မင်္ဂလာတောင်ညွန့်။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ**

ဦးကျော်စိန် (ကျောက်စိမ်းပုံနှိပ်တိုက်)

၁၇၁၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်။

**ထုတ်ဝေခြင်း**

၂၀၁၀ ခုနှစ်၊ ဇွန်လ၊ ပထမအကြိမ်

အုပ်ရေ - ၅၀၀၊ တန်ဖိုး (၁၂၀၀) ကျပ်

၈၉၅.၈၃

ပုဂ္ဂလ

ဝိညာဉ်စီးကြောင်း/ပုဂ္ဂလ။ - ရန်ကုန်။

ရွှေအိမ်မျှစာပေ၊ ၂၀၁၀ ။

၁၄၀ - စာ ၊ ၁၃. ၂၁ x ၂၀. ၈၃ စင်တီ။

(၁) ဝိညာဉ်စီးကြောင်း

www.burmeseclassic.com

www.burmeseclassic.com


# အပိုင်း(၁)

BURMESE CLASSIC

"ဒုန်း"

"အား. . ."

နက်ခြောက်ခြောက် ကျယ်လောင်လောင်အော်သံကြီးနှင့် မရှေး မနှောင်းမှာပင် အထိတ်တလန့်အချက်ပေး ဥဩသံများ. . . အဝေးပြေးလမ်းမဖက်ဆီမှ စူးရှဲစွာထွက်ပေါ်လာသည်။

"ပီး. . . ပေါ်"

"ပီးပေါ်. . ."

"ပီးပေါ်. . ."

"ပီး. . ."

ညနက်ကြီးကို အလျားလိုက်ထိုးခွဲလိုက်သည့် ဥဩဆွဲသံသည်ကား အိပ်မောကျရွာကြီးအဖို့ စေတမန်နတ်ဆိုးအော်ရယ်သံကို ချောက်ချားဖွယ် အတိ။

ချင်းအမျိုးသား လျှံပီးအိမ်ရှိ ကောင်းကောင်းတို့၏ တတိယ


www.burmeseclassic.com

www.burmeseclassic.com


ညှော်ထဲ စကားစိုင်းလေးလည်း လှုပ်လှုပ်ခတ်ခတ်ဖြစ်တောက်သွားရပြီ။

"မီးသတ်ဥဩသံထင်တယ်ဟေ့. . ."

"ဟုတ်တယ်. . ."

"ဘယ်မှာမီးလောင်တာပါလိမ့်"

ထိုစဉ်ခြံထဲသို့ပြေးလာသော လူသဏ္ဌာန်အရိပ်နှစ်ရိပ်ကို ကောင်းကောင်း လှမ်းမြင်လိုက်ရသည်။ ကြည့်နေဆဲမှာပင်. . .

တစ်ယောက်က လှေကားရင်းအမှောင်ထဲမှာ ရပ်ကျန်နေခဲ့ပြီး တစ်ယောက်ကတော့. . . အိမ်လေးပေါ်သို့ အလောတကြီးပြေးတက်လာတာတွေ့ရ၏။

"ဟာ. . . ထျန်ပီး. . . လမ်းတစ်ဖက်က ပြန်လာတာလား. . . ဘယ်မှာ မီးလောင်လို့လဲ. . ."

"အေး. . . ဥဩဆွဲသံတွေဆူညံနေတယ်. . . ဈေးဘက်ခြမ်းမှာ ‌လောင်တာထင်တယ်. . ."

"ဟုတ်လား ထျန်ပီး. . ."

"မီးမလောင်ဘူး. . . ကားတိုက်တာ. . ."

"သေသွားပြီ၊ ပွဲချင်းပြီး. . ."

"ဟေ"

အမောတကောပြောချလိုက်သော ထျန်ပီးစကားကြောင့် အားလုံးပါးစပ် မပိတ်နိုင်၊ အံ့ဩထိတ်လန့်ကုန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com


လျှံပီးလည်း သူ့ညီထျန်ပီးကို မယုံသလိုလိုကြည့်နေ၏။

"ကားတိုက်ခံရတာ ဘယ်သူလဲ. . . သိခဲ့လား. . ."

"သိခဲ့တယ်. . . မသင်းမေ. . ."

"ဟော"

"မသင်းမေ. . ."

"ဟို ဟို မသင်းကိုပြောတာလား. . . ထျန်ပီး"

"ဟုတ်တယ်လေ. . ."

"မသင်းမေဘယ်နှယောက်ရှိလို့လဲ"

ရန်ကုန်မှာ ငပိ၊ ငါးခြောက်များသယ်ယူပြီး လျှံပီးတို့ရွာမှာ အကြွေးချရောင်းသူ မသင်းကို တစ်ရွာလုံးမှခင်ကြ၊ ခေါ်ကြ၊ ရင်းနှီးကြသည်။

ချစ်စနိုးနောက်ပြောင်၍ မသင်း၏နောက်မှာ 'မေ'တစ်လုံးတိုး၍ မသင်းမေဟုခေါ်တွင်တော့လည်း. . . စိတ်မဆိုးတတ်သော မသင်းပါ။

အခုတော့ မသင်းမေကို သေမင်းကလက်သွက်ခြေသွက် ခေါ်ငင်သွားလေပြီ။

စောစောလေးကမှ ကောင်းကောင်းတို့ဝိုင်းဖွဲ့စကားပြောနေသည့် ဤအိမ်လေးမှာ ညတိုင်းနည်းတူ လာရောက်နားထောင်သော မသင်းမေသတင်းကို ကြားရသည်တွင်. . .

ကောင်းကောင်းတို့အုပ်စု သေမင်းကို ဘွားခနဲတွေ့လိုက်ရသလို


www.burmeseclassic.com

www.burmeseclassic.com


ရင်တုန်ပန်းတုန် ထိတ်ထိတ်ပျာပျာဖြစ်ကြရလေပြီ။

မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရသူထျန်ပီးခမျာ ဖြူဖတ်ဖြူရော်ဖြစ်နေသောမျက်နှာနှင့် တုန်ရီမောဟိုက်နေဆဲသာ ကျန်ခဲ့သည်။

ကောင်းကောင်းစိတ်ထဲမှာ စောစောက ထျန်ပီးနဲ့အတူပါလာသောအရိပ်ကို သတိရနေသေးသည်။

ကောင်းကောင်းတို့အုပ်စု ညှိစရာမလိုဘဲ ခြေတံရှည်အိမ်လေးပေါ်မှ ကားလမ်းမဆီသို့ စိတ်တူကိုယ်တူ ပြိုင်တူပြေးဆင်းခဲ့ကြသည်။

သူတို့ရောက်သွားတော့ သွေးအိုင်ထဲမှာ အသက်ဝိညာဉ်ကင်းမဲ့နေရှာသော မသင်းမေကို တွေ့ကြရ၏။

သေမှုသေခင်းနှင့်ပတ်သက်သည့် လုပ်ရိုးလုပ်စဉ်တို့ကို တာဝန်ရှိသူတို့ ဆောင်ရွက်အပြီး (Dead Body)အလောင်းကို ဆေးရုံကားဖြင့် သယ်ဆောင်သွားကြသည်။

အပြန်လမ်းမှာ ကောင်းကောင်းခြေထောက်တွေ လေးပျစ်နေတော့သည်။

ပြီးခဲ့သည့် နာရီပိုင်းတုန်းကမှ သူပြောပြသည့် သရဲဇာတ်လမ်းများကို ငေးမောနားထောင်ကာ သရဲကြောက်နေသူတစ်ယောက် အခုချိန်မှာ အသက်နဲ့ကိုယ် အိုးစားကွဲခဲ့ပြီ။ မြန်လိုက်သည့်ဖြစ်ခြင်းပျက်ခြင်း၊ သေဆုံးခြင်းတရား။

အကာလိကောမရဏ အချိန်ကာလမှန်းဆမသိနိုင်သောသေခြင်းတရားကို စာတွေ့နားလည်သော်လည်း ယခုလို သူ့အနီးမှ


www.burmeseclassic.com

www.burmeseclassic.com



ကျွန်းကျန်းမာမာ ရယ်ရယ်ပြုံးပြုံး လူသားတစ်ယောက်ကို သေမင်းက ဖြုန်းခနဲ ခေါ်သွားတာကိုတော့ ထိတ်ထိတ်ပျာပျာ ဖြစ်ရသည်။

တစ်မိတည်းပေါက် ညီရင်းအစ်ကိုမောင်ရင်းနှမ ကြက်သား ဆပေါက်လေးတစ်ကောင်အား ဖြုန်းစားကြီး စွန်သုတ်တာ တွေ့လိုက် ရသည့် ကြက်သားပေါက်ငယ်၏ ထိတ်လန့်ကြောက်ကွဲမှုမျိုးဖြင့် တောင်းကောင်းရင်မှာ မချိတင်ကဲ နွမ်းဖတ်လို့နေလေပြီ။

စွန်ကိုမုန်းသောကြက်ငယ်လေးလို ကောင်းကောင်းတစ်ယောက် မြေင်နိုင်၊ မကြားနိုင်သောသေမင်းကို အမုန်းကြီးမုန်းနေမိတော့သည်။

မွေးဖွားခြင်းနဲ့သေဆုံးခြင်းအကြား ရှင်သန်ဆဲ အခိုက်အတန့်မှာ ဆုံခဲ့၊ ခင်မင်ခဲ့၊ မုန်းတီးခဲ့ခြင်းအားလုံး ကိုယ့်လမ်းကိုယ်လျှောက် (သံသရာ)ဖို့ရာ သေဆုံးခြင်း နာန္တိမမှာ လမ်းခွဲခဲ့ရပြီ။

ချစ်သူမို့လည်းမတားသာ၊ သွေးသားရင်းချာမို့လည်း ချန်မထား၊ မိတ်ဆွေသင်္ဂဟရယ်လို့လည်း မျက်နှာသာမရ။ သေမင်းသည် သူ့ဥပဒေ သူပြဌာန်း၊ သူ့စည်းကမ်းသူသတ်မှတ်၊ လာစမ်း တစ်ယောက်၊ တစ်ယောက်နဲ့ သေမင်းနိုင်ငံတော်မှာ အကြီးအမှူး ခင်း၏ ဩဇာအာဏာစက်တို့က ထက်မြက်စူးရှလွန်းသည်။ သွေဖယ် ရှောင်လွှဲလို့မရ။

ကိုယ်နဲ့အလှမ်းဝေးနေစဉ်မှာတော့ ကိုယ်နဲ့သေမင်းလားလားမှ ဆတ်သတ်လေသယောင်။

ဟော. . . အခုလို ရောဂါမရှိ ပကတိကျန်းမာနေတဲ့ မသင်းဓေ



www.burmeseclassic.com

www.burmeseclassic.com


. . . သူ သရဲအကြောင်းပြောတိုင်း . . . "ကြောက်လိုက်တာ ကောင်းကောင်းရယ်" ဆိုတဲ့ မသင်းမေ . . . ကြောက်တတ်ပေမယ့် စကားဝိုင်းဖွဲ့မိတိုင်း သရဲအကြောင်း ပြောကြပါ။ နားထောင်လို့ကောင်းလို့ဆိုတဲ့ မသင်းမေ . . . လောလောလတ်လတ်မှာ ကောက်ခါငင်ကာ သေမင်းခေါ်သွားပြီဆိုတော့ . . .

မမြင်ရခြင်း၏နောက်ကွယ်မှာ ကြောက်မက်ဖွယ်သေခြင်းကို လောကရဲ့ အရက်စက်ဆုံးသတ္တဝါကြီးတစ်ကောင်လို ကောင်းကောင်းထိတ်လန့်နေမိသည်။

မသင်းမေအတွက်လည်း ကြီးစွာသောစိတ်မကောင်းခြင်း ရင်မှာဖြစ်ရသည်။

မိခင်အိုကြီးနှင့် နှစ်နှစ်အရွယ်သမီးငယ်လေးကို လုပ်ကျွေးနေရှာသည့် မုဆိုးမလေး မသင်းမေကိုမှ သေမင်းအခေါ်စောလေခြင်း . . .

ကျန်ရစ်သူ အိုကြီးအိုမနဲ့ မတီမတျာအတွက် မသင်းမေစိတ်ဖြောင့်ရှာမည်မဟုတ်။

လူပီသရှာသော . . . မသင်းမေ . . . မသေသင့်သေး . . .

လူအဖြစ်ဆက်လက်ရှိနေသင့်သေးသည့် မိခင်အိုနဲ့ သမီးပိစိကွေးအတွက် . . .

သို့သော် . . .

သေမင်းတို မည်သူမှအစိုးမရ။



www.burmeseclassic.com

www.burmeseclassic.com



မည်သူ၏အဆိုပြုချက်၊ အသနားခံချက်တွေကိုမှ သေမင်းလက်ခံစဉ်းစား မည်မဟုတ်ပါ။ တစ်သွေး၊ တစ်သံ၊ တစ်မိန့်၊ တစ်သေ ငြင်းပယ်ခွင့်မပြု။

ဘုရား၊ ရဟန္တာအဆူဆူတောင် မငြင်းခဲ့တဲ့လမ်းပဲ. . .

သွားပေဦးတော့ မသင်းမေ. . .

ကောင်းကောင်းရင်နင့်စွာ ခပ်တိုးတိုးရေရွတ်လိုက်စဉ် အေးစက်ကြမ်းတမ်းသော လေပြင်းတစ်ချက် ဆောင့်တိုက်လေသဖြင့် ကောင်းကောင်း စိမ့်ခနဲ ကျောချမ်းသွား၏။

လျှံပီး၏ခြံစည်းရိုးမှ သရက်ပင်ကြီးသည် လေတိုးသံကြောင့် တရှီးရှီးတရှဲရှဲ ထမြည်လေသည်။

ခြံပတ်ပတ်လည်ရှိ ဗိုလ်ကတော်မျက်ခုံး (ခြံစည်းရိုးပင်) တန်းကြီး . . . နဂါးတစ်ကောင်လန့်နိုးသလို တွန့်လိမ်လှုပ်ယိမ်းနေသည်။

“ငါသေလို့မဖြစ်ဘူး ကောင်းကောင်း. . . ငါသေရင် အမေနဲ့သမီးလေး ဒုက္ခရောက်မှာ. . . ငါသေရင် သူတို့ကို ဘယ်သူကမှ လုပ်ကျွေးကြမှာ မဟုတ်ဘူး. . . အမေနဲ့သမီးလေးကို သနားလိုက်တာ. . .”

“ကယ်ပါဦးဟာ. . .”

ကောင်းကောင်း ဖြုန်းခနဲ လန့်ခုန်လိုက်သည်။

လျှံပီးနှင့်ရွာခံတွေက ဆေးရုံလိုက်သွားကြ၍ ကောင်းကောင်း တစ်ယောက်တည်း အိမ်ပြန်လာခဲ့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


စောစောက သူကြားလိုက်ရသောအသံသည် ရုပ်ဖြုပ်ပျောက်နေ၏။

လေသံကတိုး၍တိုး၍ တိုက်လာ၏။

သူ့နားထဲမှာ သစ်ရွက်ခတ်သံတွေက တစ္ဆေညည်း၏ တေးသွားတွေလို ချောက်ချားထိတ်လန့်ဖွယ်ကောင်းလှသည်။

ဒီရွာမှာ သူလည်းညှော့သည်၊ သူ့ကိုနောက်မယ့်သူမရှိ။

ဒါဆို မသင်းမေ သူ့အနားမှာ ရှိနေလိမ့်မည်။

သူ့အကြည့်တွေ ရှေ့နောက်၊ ဝဲယာ၊ ထက်အောက် လျှောက်ကြည့်သည်။ မတွေ့ပါ။ မသင်းမေကို မတွေ့ရပါ။

"အီ. . ."

"အီ. . ."

အသံနှင့်အတူ လျှပ်ပြီး၏ ခြေတံရှည်အိမ်လေးအောက်ဆီမှ သူ့ထံသို့ အရိပ်မည်းတစ်ခု ဝါးလုံးထိုး ထိုးပြေးလာသည်။

ကောင်းကောင်းရင်မှာ ဒိန်းခနဲ. . . နောက်ကြောင်းပြန်လှည့်ပြေးလု ဆဲဆဲ. . .

သူ့ခြေအစုံကို အရိပ်မည်းကြီးက ရစ်ပတ်ဆွဲဖက်လိုက်၏။

"အား. . ."

"ဟာ. . . လန့်လိုက်တာ ရန်နိုင်ရာ"

"ဟူး. . ."

"တော်ပါသေးရဲ့"


www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြား ထအော်လိုက်ပြီးမှ လျှပ်ပြီး၏ခွေးကြီးရန်နိုင်မှန်းသိ၍ သက်ပြင်းချနိုင်တော့သည်။

ရန်နိုင်ကတော့ သူ့ခြေအစုံကိုဖက်ကာ ကြောက်ရွံ့စွာငြီးတွားနေရှာသည်။ ရန်နိုင်တစ်ကောင် ကြီးစွာသောကြောက်မက်ဖွယ်တွေ့ခဲ့ဟန်တူသည်။ ဘာဖြစ်မည် မခန့်မှန်းတတ်။

ရန်နိုင်ပြေးထွက်လာရာ အိမ်အောက်ဖက်ကို လှမ်းကြည့်တော့လည်း မည်းနက်သောအမှောင်ထုသာ ပိန်းပိတ်အောင် မှောင်နေ၏။

ကောင်းကောင်း အိမ်လေးဆီသို့ တွန့်ဆုတ်ခြေလှမ်းများဖြင့်လှမ်းသွား လိုက်သည်။

အိမ်ထဲမှာ ထျန်ပီးရှိနေသားပဲ. . . ဟူသောအသိကြောင့်ကြောက်စိတ် အနည်းငယ် ပေါ့သွား၏။

ရန်နိုင်လိုက်မလာခဲ့တော့ဘဲ အိမ်လေးဆီသို့ကြည့်ကာ ထိုးအူလိုက်သည်။

"အူ. . ."

"အူ. . ."

"အူ. . ."

ကောင်းကောင်း ခြေလှမ်းတွေတွန့်ကာ ကြက်သီးမွေးညင်းတွေဖြင်းခနဲ ထသွားသည်။

တိတ်ဆိတ်ငြိမ်သက်လွန်းသော အိမ်လေးမှာ တစ်စုံတစ်ခုသောထူးခြားမှုရှိနေသလို ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com


လှုပ်လီလှုပ်လဲ့ ဖယောင်းတိုင်မီးရောင်သည် အိမ်ရှေ့တံခါးမှ တဆင့် ဖျော့တော့စွာ လင်းနေ၏။ အိမ်ရှေ့ကို မှုန်ရီမှုန်ဝါးမြင်ရ၏။

သုံးထစ်မျှသော လှေကားပေါ် လှမ်းတက်လိုက်စဉ် . . .

သူ့ခန္ဓာကိုယ်ကို ပွတ်တိုက်သွားသော အရိပ်တစ်ခု မှောင်ကြီး မည်းကြီးထဲမှာ တွေ့လိုက်ရသည်။ လျှံပီးလည်းမဟုတ်၊ ထျန်ပီးလည်း မဟုတ်။

"ဒုန်း"

"ဒုန်း"

"ဒုန်း"

သူ အံ့ဩမှင်တက်မိနေစဉ် လှေကားထစ်တွေပေါ် နင်းလျှောက် သော ခြေသံဖြင်းဖြင်းတို့ ထွက်ပေါ်လာ၏။

"လျှံပီး"

မဟုတ်မှန်းသိလျက် ခေါ်သည်။

"ထျန်ပီး"

"ဒုန်း"

"ဒုန်း"

"ဒုန်း"

ထျန်ပီးလည်းမဟုတ်၊ ဆံပင်ရှည်ဖားလျားချထားသော မိန်းမ တစ်ယောက် အိမ်ရှေ့ကပြင်မှ အိမ်ထဲထိ လျှောက်ဝင်သွားသည်။

မြင်ဖူးသလိုလို ထင်ရပေမယ့် မသဲကွဲပါ။

www.burmeseclassic.com



"မသင်းမေ များလား"

တု တွေးမိတော့ ခြေတွေလက်တွေ ထုံထိုင်းသွား၏။

"ပုံစံကတော့ မသင်းမေနဲ့တော်တော်တူတာ"

တု အောက်မေ့ရင်း သူ့အိမ်ပေါ်တက်ခဲ့သည်။

"မလာနဲ့. . ."

"ထွက်သွား"

ထျန်ပီးငယ်သံပါအောင် အော်ဟစ်သံစူးစူးကြောင့် အိမ်ဝခါးဝမှာ သူခြေစုံရပ်လိုက်မိသည်။

ထျန်ပီး သူ့ကို ဒီလိုမအော်စဖူးပေ။ သူ့ကိုမှမဟုတ် မည်သူ့ကိုမျှ ရှိုင်းရိုင်းစိုင်းစိုင်း မအော်တတ်သောထျန်ပီး၊ အခုပုံစံကထူးနေ၏။

လေတိုးတိုင်း ယိမ်းနွဲ့နေသော ဖယောင်းတိုင်မီးတောက်လေးထောင်နေသည့် ထျန်ပီး၏ရှေ့တည့်တည့်မှာ တဖတ်ဖတ်လှုပ်ခတ် လင်းလဲ့ သွတ်ရှိသည်။

တဆတ်ဆတ်တုန်ယင်လက်ချောင်းများက ရှေ့တူရူသို့ အားကုန်တွန်းထိုးနေသည်မှာ သူ့ရှေ့မှ တစ်စုံတစ်ယောက်ကို ဆောင့်တွန်းနေသည့်အလား ထင်ရ၏။

သို့သော်. . .

ထျန်ပီးလက်ချောင်းတွေ လေထုကိုသာ တွန်းနေလျက်သားတွေ့ရသည်။ ထျန်ပီးရှေ့မှာ လူတစ်ဦးတစ်ယောက်မျှ ရှိနေပါတုန်လှုပ်ချောက်ချားလွန်းသော မျက်နှာထက်မှ ချွေးသီးချွေးပေါက်တွေ



www.burmeseclassic.com

www.burmeseclassic.com


ဦ့တက်လာတာကိုပါ ကောင်းကောင်း မြင်နေရသည်။

စောစောက ဆံပင်ဖားလျားချ၊ ခြေသံပြင်းပြင်း မိန်းမတစ်ယောက်ကိုဖြင့် မျက်စိရှေ့မှာတင် ပျောက်ခြင်းမလှ ပျောက်သွား၏။ ရှာမတွေ့တော့။

ထျန်ပီးနှင့်သူ အလှမ်းမဝေးပါ။ သို့တိုင်အောင် ထျန်ပီး သူ့ကို တွေ့မြင် သည့်ပုံ မတွေ့မြင်ရပေ။ ထျန်ပီးမျက်လုံးတွေက ကြောင်စီစီ။

သူမမြင်ရသော အရိပ်တစ်ခုခုကို ထျန်ပီးမြင်နေဟန်တူသည်။

အလို့ . . . မသင်းမေဆိုပါလား . . .

မသင်းမေ ဒီအိမ်ထဲရောက်နေသည်လား . . .

ထျန်ပီးစိုက်ကြည့်နေရာဆီသို့ လိုက်ကြည့်ပေမယ့် ကောင်းကောင်းမမြင်ရပါ။

အိမ်လေး၏နေရာအနှံ့သို့ ဝေ့ဝဲကြည့်၏။

မတွေ့ . . .

ထျန်ပီးစိတ် ကယောင်ချောက်ချားဖြစ်နေတာ ဖြစ်မည်။

ဒါလည်း သိပ်မဖြစ်နိုင်၊ ထျန်ပီး သရဲမကြောက်တတ်တာ သူသိသည်။

သူ သရဲ တစ္ဆေအကြောင်းပြောပြီးတိုင်း . . . အိမ်မပြန်ရဲအောင် ကြောက်တတ်သော မသင်းမေကို ထျန်ပီးပဲချော့မော့ဖြေသိမ့်ပြောကာ အိမ် လိုက်ပို့နေကျမှာ အစဉ်အလာတစ်ခုလိုပင် ဖြစ်ခဲ့သည်။

"မကြောက်ပါနဲ့ မသင်းမေ . . ."


www.burmeseclassic.com

www.burmeseclassic.com


"အစ်ကိုတစ်ယောက်လုံးရှိနေတာပဲကွာ. . . တကယ်တော့ ဒါတွေဟာ သိပ်စိတ်ဝင်စားစရာကောင်းတဲ့ ညအိပ်ရာဝင်ပုံပြင်တွေပါ. . ."

ဆိုတာ ထျန်းပီးလက်သုံးစကား. . .

အခုတော့ ထျန်ပီးကိုယ်တိုင် သရဲအခြောက်ခံနေရပြီထင်၏။

"မငိုပါနဲ့ မသင်းမေ၊ အစ်ကို မင်းကိုမနှင်ချင်ပါဘူး။ အစ်ကို မင်းကို လက်ထပ်ဖို့အထိ ရည်ရွယ်ချစ်ခဲ့တာ မင်းအသိပါ"

"ဒါ. . . ဒါပေမယ့် မသင်းမေရယ်. . ."

"မင်း. . ."

"မင်းသေသွားပြီလေ"

"ဩော်. . . ထျန်ပီးနဲ့မသင်းမေ ချစ်ကြိုက်နေခဲ့တာကိုး. . ."

"ရှေ့မတိုးနဲ့. . ."

"မတိုးလာနဲ့နော်. . ."

"သွားပါတော့ကွယ်. . ."

"အစ်ကို (လက်ဝါးကပ်တိုင်ထုတ်ပြီး) မင်းကိုမနှင်ရက်လို့ပါ"

". . ."

"ဘာပြောတယ်"

"မင်းဘာပြောလိုက်တာလဲ မသင်းမေ. . ."

"ဟင့်အင်း. . ."

"အစ်ကို့လက်ကိုမကိုင်ပါနဲ့. . . အေးအေးဆေးဆေးရပ်ပြီးပြောပါနော်"


www.burmeseclassic.com

www.burmeseclassic.com


ကြေဘာ်လန့်တုန်လှုပ်နေခဲ့ရာမှ ထျန်ပီးအသံအနည်းငယ် တည်ငြိမ်စ ပြုလာ၏။

သို့သော် ပုံမှန်မဟုတ်ဟု ကောင်းကောင်းထင်သည်။

ထျန်ပီးပုံစံက နှစ်ကိုယ်ခွဲကားရိုက်နေသည့် မင်းသား တစ်ယောက်နဲ့ တူလှသည်။

အနှောင့်အယှက်မပေးလိုသည်ကတစ်ကြောင်း၊ သူမသိသေး သည့် ဇာတ်ကြောင်း တစ်စွန်းတစ်စကို သိလိုသည်ကတစ်ကြောင်း၊ မသင်းမေ (သရဲမ) ဒီအိမ်ထဲမှာ တကယ်ရှိနေသည်ဟု ယုံကြည် သည်ကတစ်ကြောင်းကြောင့် ကောင်းကောင်းအသံမပြုဘဲ ငြိမ်သက်စွာ နားစွင့်ငေးမောနေလိုက်သည်။

"ဘယ်လို. . . ဘယ်လို"

"ပြီးတော့ဘာဖြစ်တယ်"

"ပြန်ပြောပါဦး. . . မသင်းမေ"

"ငိုရင်းမပြောနဲ့ကွာ. . . မသဲကွဲဘူး"

". . ."

ထို့နောက် ထျန်ပီးငြိမ်ပြီးနားထောင်နေပြန်၏။

ခဏအကြာ. . .

"ဟင်. . . ဘယ်မှာလဲ. . , မရှိပါဘူး. . . ဘယ်အမေအိုကြီးက မသင်းမေ ကိုလာခေါ်တာလဲ"

"ဒီအိမ်ထဲရောက်နေတယ်. . . မဟုတ်တာ၊ မသင်းမေ


www.burmeseclassic.com

www.burmeseclassic.com


နောက်မှာ . . .”

“ဘာ. . . မသင်းမေခန္ဓာကိုယ်ထဲ ရောက်လာပြီ။ အဲ့ဒီတိစ္ဆ စိတ်ချပါ မမေ့ပါဘူး။ မင်းအတွက် အုတ်ဂူလှလှလေး တည်ပေးမယ်။ အုတ်ဂူခေါင်းရင်းမှာ အပေါက်သေးသေးလေး ဖောက်ပေးမယ်။ တတိုပေးပါတယ်ကွာ. . .”

“. . .”

“ဟာ. . . မသင်းမေ. . . မင်းမျက်နှာကြီးရှုံ့တွနေပါလား။ အမေအိုကြီးလို. . .”

“အို”

“ဘယ်လိုဖြစ်သွားတာလဲ မသင်းမေ၊ အစ်ကိုခေါ်တာထူးပါဦး။ ဘာဆင့်အင်း ငါ့အနားမလာနဲ့. . .”

“မင်း. . .”

“မင်း မသင်းမေမဟုတ်ဘူး၊ အမေအိုကြီး. . . သရဲမကြီး. . . အမလေးဗျ သရဲမကြီး. . .အမေအိုကြီး. . . မသင်းမေ. . .”

အိမ်လေးပေါ်မှာ ထျန်ပီးတစ်ယောက် ပြေးလမ်းပိတ်နေသော ကြွက်တစ်ကောင်လို ဗရမ်းပတာပတ်ပြေးနေရှာသည်။

မောကြီးပန်းကြီးမနားတမ်းပြေးရင်း အော်နေသည်။

“သရဲမကြီး. . .”

“အမေအိုကြီး”

အော်ရင်းပြေးရင်းနဲ့ ဝုန်းခနဲ ပစ်လဲကျသွားတော့သည်။


www.burmeseclassic.com

www.burmeseclassic.com


"အား. . ."

စူးရှကျယ်လောင်စွာအော်ဟစ်ကာ သတိလစ်သွားလေသည်။

ကောင်းကောင်းသတိဝင်ကာ ထျန်ပီးကို ပွေ့လိုက်၏။

"ထျန်ပီး. . ."

"ထျန်ပီး. . ."

"ထွီ. . . နံလိုက်တာ"

သူ ထျန်ပီးကိုဆွဲပွေ့မိစဉ် ညီစို့စို့ပုတ်အဲ့အဲ့အနံ့ကြီးက နှာခေါင်းဝသို့ လုံးဆောင့်ဝင်လာသည်။

"ဒုန်း"

"ဒုန်း"

"ဒုန်း"

ပြင်းထန်သောခြေသံတွေ အိမ်လေးပေါ်မှာ ဆူဆူညံသွား၏။ အပုတ်နံ့ ဆိုးဆိုးကြီးလည်း ပျောက်ကွယ်သွားသည်။

"ကောင်းကောင်း. . . ဘာဖြစ်လို့လဲ ထျန်ပီးဘာဖြစ်လို့လဲ"

လျှံပီးနှင့်အဖော်နှစ်ယောက် ရေးကြီးသုတ်ပျာမေးကြသည်။

"ထျန်ပီး သရဲခြောက်ခံရပြီး သတိလစ်သွားလို့. . ."

"ဟင်"

"ဟုတ်တယ် လျှံပီး. . . မသင်းမခြောက်တာ. . . အဲဒါတော့ အရေးမကြီးဘူး၊ ထျန်ပီးကို ဆေးခန်းအမြန်ပို့မှဖြစ်မယ်"

သူပြောမှ လျှံပီးတို့ အကြီးအကျယ်ပူပန်ကာ ကပျာကယာပင်

www.burmeseclassic.com

www.burmeseclassic.com



ထျန်ပီးအား ပုခုံးထက်ထမ်းပိုးလျက် ဆေးခန်းဆီသို့ ထွက်သွားၓ၊ သူ့အဖော်နှစ်ယောက်လည်း လိုက်ပါသွားသည်။

ကောင်းကောင်းတစ်ယောက်တည်းသာ မှောင်ပိန်းပိန်းညနက်ကြီးထဲရှိ ချောက်ချားဖွယ်အိမ်ငယ်လေးထဲ အိမ်စောင့်အဖြစ်ကျန်ရစ်ခဲ့တော့သည်။

ရန်နိုင်ရှိုက်ကြီးတငင်ထိုးအူလိုက်သံကြီး အမှောင်ညထဲတိုးဝင်သွားတော့ ကောင်းကောင်းတစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ တဖြင်းဖြင်းထ သွားရသည်။

"အူ. . ."

"အူ. . ."

"အူ. . ."

"အူး. . ."

♣♣♣



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း(၂)

ကဘော်ချိုင့်ဝှမ်းလွင်ပြင်ကို ဖြတ်တိုက်လာသော လေကသစ်နှင့်သင်းသင်း လတ်ဆတ်လေပြေကို ကောင်းကောင်းအားပါးတရရှူရှိုက်လိုက်သည်။ ခေါင်း ထဲနောက်ကျူစေသောသွေးတွေ သန့်စင်သွား၍ထင်သည်။ ချက်ချင်းကြည်လင် လာ၏။ သစ်ရိပ်ဝါးရိပ်ရနံ့၊ တောရိပ်တောင်ရိပ်ရနံ့ကြောင့် စိတ်တွေအေးငြိမ်းစွာ နုသစ်လို့သွားသည်။

ရေနံမြော်သို့မရောက်ဖြစ်သည့် တစ်ပတ်ကာလအတွင်းမှာဘယ်အရာမျှ ထူးခြားပြောင်းလဲမှုကြီးစွာမရှိသည့်တိုင်အောင်သူ့စိတ်ထဲမှာတော့ အရာရာသည် အသစ်အဆန်းလို ခံစားနေမိ၏။ မြင့်မားဆိုင်းညို့သော ပိတောက်ပင်တွေလည်း သစ်နေသလို၊ ငါးရုံတောထူထူတို့သည်လည်း သစ်နေ၏။ သမင်တောက်သံ၊ ချိုး(ချေ)ဟောက်သံတွေသစ်နေသကဲ့သို့ ချိုးပြာချိုးလည်ပြောက်၊ ခေါင်းချောက်တို့၏အသံတွေလည်း ကြေးအိုးကွဲရေနံမြော်ပန်းတျင်မှာ

www.burmeseclassic.com



သစ်ဆန်းနေသည့်အလား ခံစားရသည်။ တကယ်တော့ ဒီအသံ၊ ဒီမြင်ကွင်းတွေက ရှိမြဲအတိုင်းသာရှိနေခြင်းသာ. . . ပုံမှန်ဝန်းကျင်နှင့် ပုံမှန်မြင်ကွင်း၊ ပုံမမှန်တာက သူ့စိတ်၏ခံစားမှုအလျှင်. . .

မသင်းမေကားတိုက်သေဆုံးခြင်း၊ ထျန်ပီးသရဲခြောက်ခံရခြင်း၊ သူတို့ နှစ်ယောက်ပတ်သက်ခဲ့ပြီးနောက်ပိုင်း ဆက်နွယ်မှု၊ သရဲဖြစ်သွားသော မသင်းမေ၏ဆန္ဒလား. . .

ဘာကြောင့် အပေါက်ကလေးဖောက်ရသနည်း။

ဘာကြောင့် အပေါက်ကလေးဖောက်ပေးဖို့ မသင်းမေတောင်းဆိုရသနည်း။

သူမစဉ်းစားတတ်ပါ. . .

အပေါက်ဖောက်ပေးသည့် ထျန်ပီးကိုယ်တိုင်လည်း သိမည်မထင်။

မည်သို့ဆိုစေ မသင်းမေအုတ်ဂူထိပ်မှ လက်ညှိုးလုံးခန့်အပေါက်လေးသည် သူ့အတွက် ပဟေဠိတစ်ပုဒ်ဖြစ်ခဲ့သည်။ ကိုယ်ရေးကိုယ်တာအကြောင်း အရာတွေနဲ့ နှီးနွယ်နေသောကြောင့် ထျန်ပီးအား ဖွင့်ဟမမေးမိခဲ့ပေ။

"အုတ်ဂူအပေါက်လေးဟာ တစ်ခုခုတော့ ထူးခြားမယ်ထင်တယ်"

ဆိုက်ကယ်ကိုသတိထားစီးရင်း သစ်တုံးခင်းတံတားလေးပေါ်ဖြတ်စဉ် သူ့နှုတ်မှ ခပ်ဖွဖွရေရွတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်. . .

တောတွင်းတစ်ဖက်ဆီမှ တောတိုးသံတွေ ဆူညံစွာ ထွက်ပေါ်လာ၏။ ပင်ခြေရှုပ်ရှုပ် သစ်ရွက်ခြောက်၊ သစ်ကိုင်းခြောက်များပေါ် တောဆင်ရိုင်းအုပ်ကြီး ဖြတ်နင်းလာသလို အသံမျိုးတွေကြားလိုက်ရ၏။

[illegible] တောကြီး [illegible] အားစိမ့်မှောင် [illegible] သည်။

[illegible]

[illegible] ဖြင့် [illegible] သတ်ရပ် [illegible] မကြုံစဖူး ထူးခြားသော အဖြစ်အပျက်ကို သတိလက်လွတ် အံ့ဩနေမိ တော့သည်။

မနက်ဆယ်နာရီအချိန်. . .

နေ့ခင်းကြောင်တောင် မှောင်အတိကျခြင်းသည်. . .

တောချောက်သည်လား. . .

တောမှောင်ခြင်းလား. . .

သူမသိ. . .

တော၏အမှောင်သည် တစ်စတစ်စပိုမိုထူကဲစွာ ပိတ်သည်း လာသည်။ အမှောင်ကြောက်သော ကောင်းကောင်းရင်ခုံ [illegible] ကြောက်စိတ်တွေမနိုင်ရင်ကာ ကြီးထွားလာသဖြင့် ဆိုတ် [illegible] ထားလိုက်သည်။ မီးရောင်ကျရောက်သည့် နေရာ [illegible] မှလွဲ၍



www.burmeseclassic.com

www.burmeseclassic.com


တစ်တောလုံးဆူညံ မည်းနက်လျက်ရှိ၏။

ငါးမိနစ်ခန့်အကြာ. . . လေတိုးသံတွေ ပို၍ပို၍ ကျယ်လောင်လာ၏။ နားတွေအူပင်းမတတ် ဖရိကွမ်စီမြင့်လာလို့ နားနှစ်ဖက်ကို တင်းတင်းပိတ်လိုက်ပေမယ့် စူးရှချွန်မြသော လေသံတရိရိကို မဟန့်တားနိုင်ပါ။

အသံစူးစူးကြီးများလည်း ငှက်ပျောပင်စည်ကို ထိုးဖောက်သွားသော သေနတ်ကျည်ဆံများနှင့်တူသည်။

အုတ်နံရံကို ထိုးဖောက်သော လွန်သွားများနှင့်တူသည်။

လေးညှို့မှ လွင့်ပျံပြေးထွက်လာသော မြားအစင်းစင်းနှင့်တူသည်။

အပ်အစင်းစင်း ခန္ဓာကိုယ်ပေါ်ထိုးစိုက်၊ ထိုးဆွနေသည့်နှယ် သူ့အသားတွေ တဆတ်ဆတ်တုန်လာ၏။

အသက်ရှူမဝတော့ပေ။

လည်ပင်းညှစ်ခံထားရသလို မွန်းကြပ်မောဟိုက်လို့နေသည်။

အသံတွေက ထက်အောက်၊ ရှေ့နောက်၊ ဝဲယာမှပြေးဝင်လာသည်။ သူ့စိတ်တွေ ဆောက်တည်ရာမရတော့ပါ။

ပြေးစရာမြေမရှိ၊ ခြသေ့်အုပ်ကြားထဲ ချောင်ပိတ်မိနေသော မြင်းကျားတစ်ကောင်လို သွေးရူးသွေးတမ်း ထွက်ပြေးလိုက်သည်။

သို့သော် သူထွက်ပြေးသည်မဟုတ်၊ ထွက်ပြေးသည်ဟု ဘင်ထင်မှားဖြစ်ခြင်းသာဖြစ်သည်။ တကယ်တော့ ဒူးတွေ


www.burmeseclassic.com

www.burmeseclassic.com



အဆက်ဆက်တုန်ရီကာ နေရာမှ တစ်ဖဝါးမှပင် မရွှေ့နိုင်ပါချေ။

တောနက်ကြီးကား ပို၍ပို၍သာ ကြမ်းရိုင်းလာလေပြီ။

မျက်နှာတူရူဆီမှ နီရဲစူးရှသော မီးလုံးတစ်စုံကို သူကြည့်နေမိ၏။ ကြည့်ရင်းနှင့်ပင် ထိုအရာတစ်စုံသည် သတ္တဝါတစ်ကောင်ကောင်၏ မျက်လုံးဖြစ်မည်ကို အလိုလိုသိလာသည်။ လူတစ်ယောက်၏မျက်လုံး အရွယ်လောက်ရှိသည်။

သို့သော်. . . စူးရဲတောက်ပြောင်လွန်းလှ၏။

ပြီးတော့ ထိုမျက်လုံးနီနီကြီး. . . သူ့ဆီတရွေ့ရွေ့တိုးတာ နီးကပ်လာသည်။

အသံစူးစူးချွန်ချွန်များကလည်း ရပ်ဆိုင်းမသွား. . .

သူ့ရင်သည် တဖတ်ဖတ်လှုပ်ခတ်မောပန်းနေ၏။

မျက်လုံးကြီးစူးစူးလက်နဲ့ ပို၍နီးကပ်လာတော့ ကြောက်စိတ်တွေ ခြဖျားမှ ငယ်ထိပ်ထိ ဆောင့်တိုးခုန်တက်သွားသည်။

ငယ်သံပါအောင် ဟစ်အော်လိုက်သည်။

သို့ပေမယ့် သူ့အသံက သူ့လည်ချောင်းဝမှာတင် ပျောက်ဆုံးသွား၏။

နာနာဘာဝများလား. . .

နာနာဘာဝ၊ ဝိနာဘာဝတွေဆိုရင် မီးရောင်ကိုကြောက်သတဲ့။

ကြားဖူးနားဝစကားကိုမှတ်မိကာ ဆိုက်ကယ်မီးဖြင့် ထိုမျက်လုံး အစုံကို လှမ်းထိုးဖို့ကြိုးစားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


သူ့လက်တွေ တုန်ချိလေးကန်လွန်းလှသည်။ ဘက်ထရီ အားနည်းလှသော တိုင်ကပ်နာရီ၏စက္ကန့်တံတစ်ခုလို တုံ့ဆိုင်း တွန့်ဆုတ်နေသည်မှာ အားမရ စိတ်မရှည်ချင်စရာ ကောင်းလွန်း သည်။

ဆိုက်ကယ်လက်ကိုင်ကို ကိုင်မိဖို့ အချိန်အတော်ကြာ ကုန်ဆုံး သွား၏။ ဓာတ်လိုက်ခံရသူလို တုန်ခါသောလက်အစုံ၊ ဆိုက်ကယ် လက်ကိုင်ကို ဆုပ်ကိုင်မိချိန်မှာ. . .

"ဟင်. . ."

စောစောက သူတွေ့ရသည်က နီရဲစူးလက်လက်မျက်လုံးကြီး တစ်စုံတည်း. . .

ယခု. . .

များစွာသောမျက်လုံးနီနီများ. . . စိမ်းဖန့်ဖန့်ဝင်းပြောင်ပြောင်မျက်လုံး ပေါင်းများစွာ တော၏အမှောင်ထုကြီးနဲ့အပြည့်. . .။

သူ့ရှေ့တည့်တည့်မှာ. . . သူ့ဝဲယာမှာ. . . သူ့နောက်ဖက်မှာ မျက်လုံးတွေ. . . မျက်လုံးတွေ. . . ဝင်းဝင်းတောက်မျက်လုံး နီနီစိမ်းစိမ်းတွေ။

သူ့ဆိုက်ကယ်မီးရောင်ကျရောက်သည့် နေရာတွေမှာ မျက်လုံး တွေ ပျောက်သွားပေမယ့် ကျန်သည့်နေရာတွေမှာ မျက်လုံးနီနီ စိမ်းစိမ်းများ ဆတိုးပွားလာသလို ပြည့်နှက်သွားလေသည်။ သူ့ထံသို့ နီးကပ်စွာ ဝန်းရံလာကြသည်။


www.burmeseclassic.com

www.burmeseclassic.com


အချို့မျက်လုံးများသည် ဆယ်ပေခန့်အကွာအထိ ရော

လာ၏။

ထို့နောက်. . .

ငါးပေအကွာ. . .

ထို့နောက်. . .

လက်တစ်ကမ်းအထိ ဝိုင်းပတ်အုံခဲလာကြသည်။

သူပြေးရန်နေရာလပ်မရှိတော့ပေ။

သူ့အသက်ထွက်လုမတတ် မွန်းကြပ်ထိတ်လန့်မှုက ကြီးထွာ

လွန်းလှသည်။

"ရှီ"

"ရှီ"

"ရှီး. . ."

ဆူညံကျယ်လောင်သော လေတိုးသံချွန်ချွန်ရှရှများ ပို၍သေးမှု

ဆူညံလာ၏။

သူ့နားစည်နှစ်ဖက် စုတ်ပြတ်ပေါက်ပြဲသွားပြီထင်၏။ အသက်

ရှူလမ်းကြောင်း ကျဉ်းမြောင်းပိတ်ဆို့နေသူအလား အသက်တစ်ချက်

တစ်ချက်ကို ကြိုးစားပမ်းစား ရှူသွင်းရှူထုတ်နေရ၏။ မျက်လုံးတွေ

မှာဝေမှိုင်းမှုန်ကာ ချာလှပတ်လည်နေတော့သည်။

ထိုအချိန်မှာပင်. . .

ဆိုက်ကယ်မီးရောင်အောက်မှာ တုန်ရီချိနဲ့သော အမေအိုကြီး


www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက် ဖြုန်းခနဲရောက်လာသည်။

အရေခွံတွန့်တွန့်တွေက အရိုးပြိုင်းပြိုင်းအပေါ်မှာ ရှုံ့တွနေ၏။ ဆံပင်တွေက မီးဟတ်ထားသလို နီကြောင်ကြောင် ခြောက်ခြောက်။

ဝါးရှင်းတုတ်တောင်ဝှေးကို အားပြုရပ်လျက်က ကောင်းကောင်းကို စိုက်ကြည့်နေသည်။ အကြည့်တွေက မလှုပ်မယှက်။

ကောင်းကောင်းချက်ချင်း မျက်စိလွှဲလိုက်ရသည်။ မခံသာအောင် မှုပြင်းတောက်လောင်နေသော အကြည့်စူးစူးကို ခဏကြည့်ရုံမျှဖြင့် မျက်ရည်ပူတွေ ချက်ချင်းဝေ့တက်လာ၏။

ကြောက်လန့်စွာ နောက်တစ်လှမ်း ကပျာကယာဆုတ်လိုက်ပေမယ့် အမေအိုကြီးက နှစ်လှမ်းတိုးလှမ်းလိုက်သည်မို့ ပို၍ပင်နီးကပ်သွား၏။ မျက်နှာချင်းထိမတတ်။

ကောင်းကောင်းထိတ်လန့်ကြီးစွာ ကြည့်လိုက်မိစဉ် အမေအိုကြီး၏ မျက်လုံးနီကြီးနှစ်လုံး ပြူးကျယ်စူထွက်လာတော့သည်။

"အား"

ကောင်းကောင်းအဲ့ခေါင်ခြစ် အော်ပစ်လိုက်၏။

"မလုပ်ပါနဲ့"

"သူ့မှာအပြစ်မရှိပါဘူး. . . ကောင်းကောင်းဟာ လူကောင်းတစ်ယောက်ပါ"

မျက်စိအစုံမှိတ်ထားဆဲမှာ ကြားဖူးနားဝအသံကြောင့် အားကိုး


www.burmeseclassic.com

www.burmeseclassic.com



ဘကြီး ကြည့်လိုက်မိသည်။

"ကောင်းကောင်းဟာ လူကောင်းတစ်ယောက်ပါ"

တုန်ခါမောဟိုက်သော အော်သံနဲ့အတူ မျက်လုံးများစွာ၏

မျက်လုံး အစိမ်းတစ်စုံ ပြေးထွက်လာသည်။

"ကောင်းကောင်းဟာ လူကောင်းတစ်ယောက်ပါ"

"ဟင်. . . မသင်းမေ"

အမေအိုကြီး၏ အရိုးစုခြေအစုံကိုဖက်ကာ မျက်ရည်လည်

တောင်းပန် ခယနေရှာသော မသင်းမေသည် ပြီးခဲ့သည့်ရှစ်ရက်

ဘားတိုက်သေဆုံးခဲ့သော ငါးခြောက်သည် မသင်းမေမှ မသင်း

အစစ်။

"သူ့မှာအပြစ်မရှိပါဘူးရှင်"

"ဒါဆို ဘယ်သူ့မှာအပြစ်ရှိသလဲ"

". . ."

နက်ခြောက်အက်ကွဲသံကြီးက တစ်တောလုံးညံသွား၏။

ကောင်းကောင်း တုန်ခနဲ လန့်ဖျတ်သွားသည်။

မသင်းမေထံမှ ငိုရှိုက်သံသဲ့သဲ့မှအပ ဘာစကားမှထွ

မလာသေး။

"ဖြေလေ"

အမိန့်သံကြီးဟိန်းထွက်လာ၏။

"ဟုတ်ကဲ့ပါ. . ."



www.burmeseclassic.com

www.burmeseclassic.com


"အင့်. . ."

"အဟင့်. . ."

တိုးဖျော့ဖျော့ မသင်းမေအသံက ငိုစွက်ကာ တိမ်ဝင်သွား၏။

"ကောင်းပြီ၊ ဒါဆိုသူ့ကိုလွှတ်လိုက်မယ်၊ ဒီညသန်းခေါင်ထျန်ပီးကို ခေါ်သွားမယ်. . ."

"အားလုံး. . . သွားကြမယ်ဟေ့. . ."

"လူများနေပြီ. . ."

တစ်မဟာမှုး၏အမိန့်ကို နာခံသည့် ရဲဘော်ရဲဖက်တွေအလားအမေအို ကြီး၏အသံအဆုံး ချက်ချင်းပျောက်ရှသွားတော့သည်။

တောနက်ကြီးသည် တိတ်ဆိတ်ခြောက်ကပ်ကျန်ခဲ့၏။

"မသင်းမေ. . . ထျန်ပီးကို မသတ်ပါနဲ့၊ မသင်းမေ. . ."

ကောင်းကောင်းအသံကုန်ဟစ်အော်သံတွေ ပဲ့တင်ထပ်သွား၏။

"မသင်းမေ. . ."

"ထျန်ပီးကိုမသတ်ပါနဲ့. . . နဲ့. . ."

"ဆရာ ဆရာသတိရပြီလား၊ ဆရာ ကျွန်တော်မြင့်နိုင်ဝင်းပါဆရာ၊ ဆိုက်ကယ်ဘေးမှာ သတိလစ်နေခဲ့တာ. . . တော်ပါသေးရဲ့ဆရာရယ်၊ ကျွန်တော်နဲ့တိုက်တိုက်ဆိုင်ဆိုင်ကြုံလို့ပေါ့"

သူ့တစ်ကိုယ်လုံး ချွေးတွေစိုရွှဲကာ မောဟိုက်နေသည်။

တောပန်းနံ့တွေ သယ်ဆောင်လာသော လေပြေနုကိုအငမ်းမရရှူရှိုက်ရင်း အမောပြေသွားရ၏။


www.burmeseclassic.com

www.burmeseclassic.com



ကြောက်မယ်ဖွယ် မျက်လုံးများကို မဝံ့မရဲဝေ့ဝဲရှာကြည့်စေမည့်အတွေ့ရတော့ပေ။

စူးရဲချွန်မြသော လေတိုးသံအစား၊ စစ္စလီငှက်၊ သပိတ်လွယ်ငှက်ငယ်တို့၏ ကြည်နူးဖွယ်အသံလေးတွေသာ ကြားနေရ၏။

စောစောက အဖြစ်အပျက်ဆိုးကြီးသည် အိပ်မက်ရိုင်းကြီးတစ်ခုလို ပျောက်ဆုံးသွားတော့သည်။

သူအိပ်မက်ခဲ့သည်တော့မဟုတ်. . .

သတိလစ်သွားသည်တဲ့. . .

ဒါကရောဖြစ်နိုင်ပါ့မလား. . .

ဆိုက်ကယ်က ဒေါက်ထောက်မီးဖွင့်ထားဆဲပင်. . .

ဆိုက်ကယ်မှောက်သည်မဟုတ်. . . သူ့ခန္ဓာကိုယ်မှာ မည်သည့်ဒဏ်ရာ တစ်စုံတစ်ရာမျှ မတွေ့ရပါ။

စောစောကတွေ့ခဲ့ရတာသည် တကယ့်သေလုမျောပါး အဖြစ်အပျက် ဖြစ်သည်။

တံကောင်းလို့ သေခြင်းတရားနှင့် ကပ်သီးလေးလွဲခဲ့ခြင်းပါလား. . .

ဘုရား. . . ဘုရား. . .

"ကောင်းပြီ၊ ဒါဆို သူ့ကိုလွှတ်လိုက်မယ်။ ဒီညသန်းခေါင်ချိန်ပီးကို သွားခေါ်မယ်။ အားလုံးသွားကြမယ်ဟေ့၊ လူစုံနေပြီ"

အမေအိုကြီး၏အမိန့်သံကို ယခုတိုင်ကြားယောင်ထိတ်လန့်



www.burmeseclassic.com

www.burmeseclassic.com



နေမိသည်။

လူများလို့ဆိုပဲ မဟုတ်ရင် သူသေပြီပေါ့။ မသင်းမေကယ်လို့သာပဲ။ ကံကောင်းလိုက်တာ. . .

"အို. . ."

"ဒါ ဒါဖြင့်. . ."

"ထျန်ပီး. . ."

"ထျန်ပီး. . . ကံဆိုးပြီပေါ့. . ."

"ဒီညသန်းခေါင် ထျန်ပီးသေရမှာပါလား. . ."

"ဆရာ. . . မှော်တဲလာတာမဟုတ်လား. . . တက်ဆရာ. . . ဆရာ့ပုံစံ ဖြူဖတ်ဖြူလျော် ဖြစ်နေတယ်။ ကျွန်တော်နင်းခဲ့မယ်၊ ဆရာနောက်ကပဲထိုင်"

သူခေါင်းညိတ်မိသည်လား၊ ခေါင်းခါမိသည်လား၊ ခေါင်းမညိတ် ခေါင်းမခါခဲ့သည်လား မသိနိုင်တော့ပေ။ ခန္ဓာကိုယ်ကတော့ မြင့်ဝင်းနိုင်၏ခါးကိုဖက်ကာ ဆိုက်ကယ်ကယ်ရီယာပေါ် ခွထိုင်လိုက်မိသည်။

"ဆရာရေ. . . ဆရာတော့ ထောတော့မယ်နဲ့တူတယ်ဗျို့၊ မှတ်မှတ်ရရ ငါးခြောက်သည် မသင်းမေကားတိုက်သေတဲ့ညက ဖောက်တဲ့ရေနံတွင်း ခပ်နေရပြီ. . ."

"ဒီနေ့တော့ ကျွန်တော်တို့အဖွဲ့ ဗိုက်ခွေးနမ်းပြီပေါ့နော်. . . တုတ်တယ်မလား ဆရာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကောင်းမူးမယ်နော်. . . ခွင့်ပြုပါဆရာရယ်နော်"

မြင့်ဝင်းနိုင်က ရေပတ်မဝင်အောင် အားရဝမ်းသာပြောပြနေသည့် အိုင်း. . . သတင်းကောင်းအတွက် သူလိုက်လှဲစွာမပျော်မိတာ အကြောင့်လဲ. . .

တကယ်ဆို လက်သီးလှက်မောင်းတန်းကာ. . .

"စိတ်ချ ကိုယ့်တွင်းသားတွေ ဒီညအကောင်းဆုံးအရက်၊ အကောင်းဆုံး အမြည်းတွေနဲ့ ပွဲပေးမယ်ဟေ့. . ."

တုပြောရမည်။

အခုတော့. . .

"မသင်းမေ. . . သေတဲ့ညက ဖောက်တဲ့တွင်း ဟုတ်လား"

"ဟုတ်တယ်ဆရာ. . . မသင်းမေက ဆရာ့ကို 'မှ'နေပြီဗျ"

"ဘယ်လို"

"ဩော်. . . အဲ့ဒီတွင်းကို တွင်းဆရာက နာမည်ပေးထားတယ် လေ. . . မသင်းမေတွင်း. . ."

"ဟင်"

သူ့ကျောပေါ် ကျားပေါက်လေးတစ်ကောင် ကုတ်ဖွဲ့တက်လာသလို တွန့်ခနဲ ဖြစ်သွားရသည်။

စိတ်မလုံစွာ လည်ပြန်ကြည့်မိတော့ သစ်ရွက်ခြောက်တွေ အသော ကမျှောနဲ့ ဝဲပျံနေတာတွေ့လိုက်ရ၏။

သူ့မျက်စိထဲမှာ ဝဲပျံသစ်ရွက်အစုအဝေးတွေသည် မသင်းမေ



www.burmeseclassic.com

www.burmeseclassic.com


အမြေးလိုက်လာသည်ဟု စွဲထင်မြင်ယောင်နေမိ၏။

အကြည့်ကို ကပျာကယာလွှဲဖယ်ပေမယ့် ကြောက်စိတ်ကား ခပြေ. . .

နောက်တစ်ကြိမ် လှည့်မကြည့်ရဲတော့ပါ။ သစ်ရွက်လေတိုးသံသည်ပင် မသင်းမေ၏ခြေသံဟု မှတ်ထင်လို့နေ၏။

“ဝေး. . . ဆရာလာပြီဟေ့. . .”

“ဟေး. . .”

“[illegible]. . .”

“ဒီည တော့မွဲလှပြီဟေ့”

သူ့တွင်းသားတွေ တခဲနက်ပျော်မြူးကြိုဆိုသံများ ရေနံမှော်ထဲသို့ လွင့်ပျံ့သွားသည်။

“ကိုကျော်နွေဆောင်ရေ. . .”

“အိတ်ထဲမှာ ဆတ်သားခြောက်၊ လက်ဖက်ခြောက်၊ နို့ဆီ အကြား၊ ကော်ဖီမစ်၊ ဆပ်ပြာ၊ သွားတိုက်ဆေးနဲ့ ရိုက္ခာခြောက်တွေ စိတ်ကူးရသလောက် ယူခဲ့တယ်”

“ကောင်းတာပေါ့ဆရာရယ်၊ တဲမှာအကုန်ပြတ်နေပြီ၊ ဒါ့ထက် ဝမ်းသာစရာပြောရအုံးမယ်. . .”

“ကျွန်တော်ပြောခဲ့ပြီ တွင်းဆရာ”

“ဟုတ်လား”

“ဆရာသိပြီးပြီပေါ့. . . အိုကေပဲ ဆရာရယ်၊ မပေါ်ပါတွင်း


www.burmeseclassic.com

www.burmeseclassic.com



သိလား၊ စခပ်တဲ့နေ့ကတည်းက ပေပါတွင်း. . . ခပ်ဝါများသော တိုးလေပဲဆရာ၊ အခု တစ်ပေပါခွဲအထိ ထွက်တယ်ဗျာ"

ရိက္ခာခြောက်အိတ်ကိုဆွဲကာ မြင့်နိုင်ဝင်းတဲဆီသို့ လျှောက်သွားသောအခါ တွင်းသားတွေ တစ်တန်းကြီးလိုက်ပါသွား၏။

သူ့တွင်းသားတွေ ပျော်ရွှင်တက်ကြွနေတာတွေ့ရတော့ သူ့ရင်မှာ စောစောက ချောက်ချားဖွယ်အဖြစ်ကြီးကို မေ့သွား၏။

"ကျွန်တော့်အတွေ့အကြုံအရ ပြောရရင်. . . ဒီစံချိန်နဲ့သာ တစ်လလောက် ဆက်ထွက်နေမယ်ဆိုရင်. . . ဒီတွင်းဟာ တွင်းလျှံတွင်း ဖြစ်လိမ့်မယ် ဆရာ. . ."

"ဆီဈေးကောင်းတဲ့အချိန်နဲ့တော့ ကွက်တိဖြစ်ပြီဗျာ. . . တွင်းလျှံလို့ကတော့ ဆရာသမားချမ်းသာပြီဗျ"

"ကျွန်တော်ချမ်းသာရင် ကိုကျော်ဆောင်တို့အားလုံးလည်း ချမ်းသာရမှာပေါ့ဗျာ. . ."

"ကျွန်တော့်စိတ်ဓာတ်ကို ကိုကျော်ဆောင်တို့သိပြီးသားပဲ"

"ဟုတ်ကဲ့ သိပါတယ်ဆရာ"

"ဒါကြောင့်လည်း သစ္စာရှိရှိ မခိုမကပ် အလုပ်ကြိုးစားကြတာပေါ့ ဆရာရယ်. . ."

"လာ ဆရာ"

"မသင်းမေဆီသွားရအောင်"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com


"ဟဲ ဟဲ. . . အဲ့ဒီတွင်းလေးကို မသင်းမေလို့ မှည့်ထားတာ"

"ဩော်. . ."

"ဟုတ်. . . ဟုတ်ကဲ့"

"အဟင်း. . . ကောင်းပါတယ်. . ."

"တွင်းသားတွေကို သတိဝီရိယနဲ့ အလုပ်လုပ်ကြပါစေဗျာ"

"ဗျာ ဆရာ"

"ဘာဖြစ်လို့လဲ. . ."

"ဟင်"

"ဟို"

"အဲ ဘာမှမဖြစ်ပါဘူး. . ."

"လုပ်ငန်းခွင်ဟူသမျှ Safety First ပဲလေ. . ."

"ထွက်တဲ့ဆီကလည်း အဝါပဲဆရာ. . ."

"မသင်းမေက သိပ်ဗွေကောင်းတာ၊ ပိုက်နှစ်လုံးပဲ ရေးထားခဲ့ရတယ်။ တွင်းလည်းမပြို၊ ရေလည်းမပေါက်တော့ဘူး. . ."

တွင်းဆရာကိုကျော်ဆောင်နှုတ်မှ မသင်းမေဟု ထွက်လိုက်တိုင်း သူကြက်သီးထထသွားရသည်။

အရာအားလုံးသည် အတိုင်းထက်အလွန် ဝမ်းမြောက်ဖွယ်ရာဖြစ်သည်။ မသင်းမေဆိုသည့်နာမည်မှအပ သူ့စိတ်ကိုအားငယ်ပျော့ရွှင်စေသည်။

သို့ပေမယ့်. . .


www.burmeseclassic.com

www.burmeseclassic.com


သူ ဤနာမည်ကို မနှစ်သက်ကြောင်း မပြောလိုတော့ပေ။ ခေသင်းမေမှာ အပြစ်ရှိတာမှ မဟုတ်တာ၊ ပြီးတော့ တွင်းဆရာ ကိုကျော်ဆောင်ပါးစပ်မှ မသင်းမေဆိုတာ မချတော့ပေ။ တဖွဖွ။

"ဒီည တွင်းသားတွေအတွက် ဒင်နာပါတီလုပ်ပေးလိုက်ပါ"

"ကိုကျော်ဆောင်"

"ရော့ဗျာ လိုအပ်တာဝယ်ဖို့. . ."

"ဟုတ်ကဲ့ဆရာ ဝမ်းသာတယ်ဆရာ၊ ကလေးတွေလည်း ပျော်ကြမှာဗျ . . . အချိန်ရှိတုန်း ကျွန်တော်စီစဉ်လိုက်အုံးမယ်၊ ဆရာ့ဆိုက်ကယ်နဲ့ပဲ မြင့်နိုင် ဝင်းကို ဈေးဝယ်လွှတ်ရမှာပဲ"

"ကောင်းသလိုသာလုပ်ပါဗျာ. . ."

"ကျွန်တော် မော်ထဲပတ်လိုက်အုံးမယ်"

"ဩော်. . . ကိုကျော်ဆောင်"

"ဘာလဲ ဆရာ"

"ကလေးတွေအတွက် ဝီစကီပဲဝယ်ခဲ့ဗျာ"

"ဟုတ် ဆရာ့အတွက်ကရော. . ."

"ဆန်အရက်တစ်လုံးလောက်ဆွဲခဲ့ပါ. . ."

"ဗျာ. . . ဆရာက ချက်အရက်သောက်မလို့"

"ဟုတ်. . ."

"ပိုက်ဆံလောက်ရဲ့လား၊ ထပ်ယူအုံးလေ"

"ဟာ. . . လောက်ရုံမက ပိုတောင်နေသေးတယ်ဆရာရဲ့"


www.burmeseclassic.com

www.burmeseclassic.com



သူ့ရေန်တွင်းလေး မသင်းမေကို ငေးမောကြည့်နေစဉ် ကိုကျော်ဆောင် တဲဘက်သို့ ခပ်သွက်သွက်ထွက်သွား၏။

အနည်စစ်ထားသော ရေနံကန်ကို ငုံ့ကြည့်မိတော့. . . အရိုးစု သက်သက် အဖွားအို၏ ကြောက်မက်ဖွယ် ရုပ်ပုံကြီးကို မြင်ယောင်ကာ အလန့်တကြား မျက်လုံးစုံမှိတ်လိုက်စဉ်. . .

သူ့ပုခုံးပေါ်သို့ လက်မည်းကြီးတစ်ဖက် ဘုတ်ခနဲ ကျလာသည်။

သူ သွေးခုန်နှုန်းတွေ ဦးနှောက်သို့ဆောင့်ထိုးသွားလေသည်။

ထိတ်ထိတ်ပျာပျာ လှည့်ကြည့်မိတော့. . .

"ကိုကောင်းကောင်း"

"လာဗျာ ကျုပ်တို့တဲဖက်လိုက်ခဲ့ပါအုံးဗျ. . . ဂျီသားကင်နဲ့ ခေါင်ရည်ကောင်းကောင်းနဲ့ ကိုကောင်းကောင်းရောက်တုန်း ရောက်ခိုက် ညှော်ခံချင်လို့ပါဗျ"

သူတို့နှင့် အနီးဆုံးတဲမှ ပိုင်ရှင်စိုင်းလူအေးဖြစ်နေသည်။

အလိုလိုသွေးလန့်နေသော သူ့ကိုယ်သူ ပထမဆုံးအကြိမ်အဖြစ် မုန်းတီးမိပါသည်။

ရေနံရောင်တောက်နေသော လက်အိတ်မည်းကြီးကိုချွတ်ကာ စိုင်းလူအေး သူ့ကို တရင်းတနှီးလက်ဆွဲခေါ် ရာနောက်သို့ လိုက်ပါလာခဲ့သည်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း(၃)

တောတန်းမှထွက်ချိန်မှာ ညဆယ်နာရီထိုးနေပြီ၊ ကောင်းကောင်းစိတ်တွေ ဆောက်တည်ရာမရ လှုပ်ရှားလျက်ရှိသည်။ ဆိုက်ကယ်ကို ဆီဗာကုန် တင်လိုက်သည်။ ရေနံမော်သည် တဖြည်းဖြည်းနဲ့ဝေး၍ ဝေး၍ ကျန်ခဲ့ပြီ။

ကိုကျော်ဆောင်အပါအဝင် တွင်းသားအားလုံး၏ ဖွတ်အတင်းအားမြစ်သည့်ကြားမှ သူရှာပြန်လာခဲ့ခြင်းဖြစ်သည်။ ညဥ့်နက်နေသည်ကတစ်ကြောင်း၊ သောက်စားထားသည်က တစ်ကြောင်းကြောင့် ဒူးရိမ်ကြသည်။

"ဘယ်လောက်တောင်အရေးကြီးလို့လဲ ဆရာရယ်၊ မနက်မှပြန်လိုက် ပြီးရောပေါ့"

"ဒီညပြန်မှကိုဖြစ်မယ့် ကိစ္စမို့ပါ ကိုကျော်ဆောင်"

"ဒါဆိုလည်း မြင့်ဝင်းနိုင်ကိုခေါ် သွားပါလား"

"ကျွန်တော့်အတွက် ဘာမှစိတ်မပူပါနဲ့ဗျာ... ဒီလမ်းနဲ့ဒီခရီး



www.burmeseclassic.com

www.burmeseclassic.com



မျက်စိမှိတ်စီးတောင် အိမ်ပြန်ရောက်ပါတယ်။ ကလေးတွေကိုသာ အလုပ်လုပ်တာ သတိဝီရိယရှိကြပါစေ. . .”

“အထူးသဖြင့် မသင်းမေမှာခပ်တဲ့ (ရေနံခပ်) ကလေးတွေ သတိထားဖို့. . . မပေါ့ဆဖို့ ကြပ်မတ်ပေးပါ ကိုကျော်ဆောင်”

“ဟုတ်ကဲ့”

“စိတ်ချပါဆရာ. . . ပြီးတော့ မသင်းမေက ဗွေကောင်းပါတယ် ဆရာ . . . မသင်းမေ(ရေနံတွင်း)ကို ဘာလို့ အစိုးရိမ်ကြီးနေတာ လဲ. . .”

“တစ်ခုခုသွေးလန့်နေသလိုပဲ၊ တန်ဖိုးရှိတဲ့ တွင်းတစ်တွင်းပဲ ဆရာရယ်၊ ဘာယ်အမှားအယွင်းအဖြစ်ခံပါ့မလဲ. . .”

တွင်းဆရာပြောသလို. . . သူ မသင်းမေကို သွေးလန့်နေသည်။

မသင်းမေမှာ မမြင်နိုင်သောအခြေအနေတွေ သက်ဝင်နေသည် ဟု ယုံနေမိသည်။

သို့မို့ကြောင့်လည်း အသက်တစ်ချောင်းကို ကာကွယ်ဖို့ သူအလောတကြီး ပြန်ခဲ့ပါသည်။

သူမနက်တုန်းက တွေ့ကြုံခဲ့ရသောမျက်လုံးများ. . . သေမင်း တမန် အဖွားအို. . . မသင်းမေ. . . စသည်တို့သည် အိပ်မက်မဟုတ် တောမှောက်၊ တောခြောက်ရအောင်လည်း သူ. . . တောထဲမှာ တောမကြိုက်၊ နတ်မကြိုက်တာ ဘာမျှမလုပ်ခဲ့ပါ။ စိတ်ကူးယဉ်ရူးသွပ် ရအောင်လည်း ဒီလိုအဖြစ်အပျက်မျိုးကို. . . တစ်ခါတောင်



www.burmeseclassic.com

www.burmeseclassic.com


တွေးခဲ့ဖူးပါ။

သို့သော် တစ်ခုတော့ရှိသည်။

အုတ်ဂူအပေါက်လေးဟာ တစ်ခုခုတော့ ထူးခြားမယ့် အင်တယ်လို့လည်း ပြောပြီးရော. . . ကြောက်မက်ဖွယ် ဖြစ်စဉ် ဆန်းကြီး ဖြစ်ပေါ်ခဲ့သည်. . . ကံသီလို့ သေဘေးမှ ကပ်သီလေး လွတ်ခဲ့ရ၏။

အုတ်ဂူမှအပေါက်လေးသည် ကံဆိုးမှုတွေနှင့် တိုက်ရိုက် ဆက်နွယ်နေလိမ့်မည်။

ထိုကံဆိုးမှုက သူနဲ့ညီအစ်ကိုအရင်းပမာ ချစ်ခင်သော ထျန်ပီးထံသို့ ဦးတည်လာနေပြီ။

သူဘယ်လိုတားရမလဲ. . .

သူ့ပြောစကားကိုရော ထျန်ပီးက ယုံကြည်မည်လား. . .

မိုးကြိုးပစ် ထန်းလက်နဲ့ကာဖို့ ကြိုးစားကြည့်ရမည်။

နောက်ဆုံးအခြေအနေမှာ ဘုရားကူ ကူပြီး သေမင်းလက်မှ လွတ်နိုင်ခဲ့သည့် အစဉ်အလာတွေ ရှိခဲ့သည်။

မြတ်စွာဘုရား၏ တပည့်သားသံဃာတော်တွေ ပင့်ဖိတ်ကာ ပရိတ်တော်တွေနဲ့ အန္တရာယ်ဆိုးကို ကာကွယ်နိုင်မည်ဟု ယုံထား သည်။

သို့ပေမယ့် ခက်နေသည်က ထျန်ပီး၊ လျှံပီးတို့သည် ဘာသာခြား ဖြစ်နေသည်။


www.burmeseclassic.com

www.burmeseclassic.com


လျှံပြီးကတော့ Flexible ဖြစ်သည်။ အခြေအနေပေါ် မူတည်ပြီး နားလည်လွယ်၊ လက်ခံလွယ်သည်။

ကာယကံရှင် ထျန်ပီးကသာ. . . ဘာသာမဲ့တစ်ယောက်လို နေထိုင်၏။ ဘာသာတရားအပေါ်မှာ လေးနက်မှုမရှိ ဘုရားကျောင်း တက်တာလည်း တစ်ခါမှမမြင်ဖူးခဲ့ပါ။

ဒီလိုလူကို ကယ်တင်လို့ကော ရပါ့မလား။

တွေးရတာ မွန်းကြပ်လွန်းလှသည်။

တကယ်ဆို ဘာသာတရားဆိုသည်မှာ အဆုံးအမ၊ ဗုဒ္ဓ ဘာသာသည် ဗုဒ္ဓ၏အဆုံးအမ၊ ခရစ်ယာန်ဘာသာသည် ခရစ်တော်၏ အဆုံးအမ။

လူမှန်လျှင်. . . တစ်မျိုးမျိုးသော ဘာသာကို သက်ဝင်သူ ဖြစ်သင့်သည်။ သို့မှသာ ထိုလူ၏ ကြမ်းရိုင်းသောစိတ်၊ ညစ်ပေးသော စိတ်တွေ နူးညံ့စင်ကြယ်နိုင်ပေလိမ့်မည်။

ယခုမူ. . . ထျန်ပီးအတွက် ရင်မှာလေးလံလို့လာသည်။

ဘာပဲဖြစ်ဖြစ် သူ့အားစိုက်ရပါမည်။ မိုးမပြို ပြိုသော်ရှိ. . . အသက်တစ်ချောင်းကို တန်ဖိုးထားသင့်သည်။

ဘာသာတူခြင်း ကွဲခြင်းထက် လူသားကြီးစိတ်မျိုးထားရတာ ကိုယ်တိုင်လည်းငြိမ်းချမ်းသည်။ ဝန်းကျင်ကိုလည်း ကူးစက် ငြိမ်းချမ်းစေသည်။ တစ်လောကလုံးအထိ ငြိမ်းချမ်းစေနိုင်သည်။

ဒါ ကမ္ဘာစောင့်တရားကြီးနှစ်ပါးကို လေးစားရာရောက်သည်။


www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာစောင့်တရားနှစ်ပါးနှင့် ကောင်းစွာပြည့်စုံကြတုန်သော လူအမျိုးကောင်းတို့အား ဒုစရိုက်(၁၀)ပါးတို့သည် အမြဲတည်တုန်၏။

အာဇီဝဋ္ဌမကသီလခိုင်လုံသည့်အတွက် မနောသုစရိုက်(၃)ပါးတို့ အမြဲတည်ကုန်၏။

ထိုကမ္ဘာစောင့်တရားကြီးနှစ်ပါး အမြဲညီညာပြည့်စုံကြသောအခါ ဤလူ့ပြည်သည် နတ်ပြည်၊ ဗြဟ္မာပြည်ကဲ့သို့ ကြည်လင်ခြင်း ခပ်သိမ်းနှင့် ပြည့်စုံ၏။ အသက်ရှည်မှု၊ အလိမ္မာမှုတို့၌ နတ်ပြည် ခြောက်ထပ်နတ်တို့သည်ပင် မတုနိုင်၊ မပြုနိုင်ရှိကုန်၏။] (လယ်တီ ဆရာတော်ဘုရားကြီး၏ ကမ္ဘာဌာန်းကျမ်းကြီးမှ)

"ဒင်. . ."

"ဒင်. . ."

"ဒင်. . ."

ရွာအဝင်မှာ အော်ဂင်နာရီသံ ဆယ့်တစ်နာရီထိုးသံကြားရမှ ချောလွင့်နေသော အတွေးတွေကိုစုစည်းကာ လျှံပြီးအိမ်လေးဆီသို့ ဝင်သည့် လမ်းကြားလေးထဲ ချိုးကွေ့လိုက်၏။

"ဟား. . . ကောင်းကောင်း. . . ကြောင်လွတ်ရသလိုပါလား ထွက်လိုက်တဲ့လူက ပြန်မရောက်သေးဘူး၊ ကြောင်ကတော့ အိမ်မြှန့် ရောက်နေပြီ၊ ဘယ်လိုဖြစ်လို့ ညကြီးမင်းကြီး ပြန်ပြေးလာတာ တုံး. . ."

လျှံပြီးအားရဝမ်းသာကြိုဆိုတာကို အရေးမစိုက်အားပေ။



www.burmeseclassic.com

www.burmeseclassic.com



"ထျန်ပီး ထျန်ပီးရှိလား. . . အရေးကြီးတယ်"

"အမောတကောပါလား. . . ဘယ်လိုဖြစ်လို့လဲ. . . ထျန်ပီးအကြောင်း မင်းလည်းသိသားနဲ့ သန်းခေါင်မတိုင်ခင် အိမ်ပြန်လာတဲ့ည ရှိဖူးလို့လား. . ."

"အခုဘယ်မှာလဲ. . ."

"သူ့သူငယ်ချင်းဝင်းဇော်တို့အိမ်မှာ စားကြသောက်ကြမှာပေါ့၊ ဒီနေ့ ဝင်းဇော် သစ်မွေးရောင်းပြီး ပြန်လာတယ်လေ၊ ဘာအကြောင်းရှိလို့လဲ၊ ငါ့ကိုလည်း နည်းနည်းပါးပါးပြောပြပါအုံး"

သူကြေးအိုးကွဲတောတွင်းမှာ ဖြစ်ပျက်သမျှကို လျှံပီးအား ပြောပြလိုက်၏။

လျှံပီး ပထမပြုံးသည်။ မယုံမရဲ အမူအရာတွေ့ရ၏။

နောက်မှ တည်ငြိမ်သောမျက်လုံးတွေနှင့် သူ့အားကြည့်သည်။

ထိုအကြည့်များထဲမှာ ညှိနှိုင်းလိုစိတ်၊ အကူအညီတောင်းခံလိုစိတ်နှင့် စိုးရိမ်စိတ်တွေ ရောပြွန်းနေပါသည်။

"ငါတို့ ဒီပြဿနာကို ဘယ်လိုရင်ဆိုင်ရမလဲ၊ ကောင်းကောင်းပြောပြပါအုံး၊ မင်းကတဆွေ၊ သူ့ရဲ့ဆက်စပ်ပြီး အတွေ့အကြုံရှိတယ်၊ ကြားဖူးနား ရှည်ဝတယ်"

"ဒီအချိန်မှာ မင်းဘာသာရေးနဲ့ပတ်သက်ပြီး ဆီးရီးယတ်(စ်) မဖြစ်စေချင်ဘူး. . ."

"အေးပါ. . . ကောင်းကောင်းရယ်၊ ကိုးကွယ်ယုံကြည်မှုက ငါ့



www.burmeseclassic.com

www.burmeseclassic.com


နှလုံးသားထဲက သီးသန့်ကဏ္ဍပါ။ အခုလောလောဆယ် ထျန်ပီး အတွက် အကောင်းဆုံးဖြစ်ဖို့ကိုပဲ ဦးစားပေးရမှာ ငါနားလည်ပါတယ်

"ဗုဒ္ဓဘာသာရဲ့အလိုအရ ဘုရား၊ တရား၊ သံဃာရတနာသုံးပါး ဟာလျှင် ကိုးကွယ်အားကိုးရာ အမှန်ဖြစ်တယ်။ အဖြစ်သင့်ဆုံး မြွာရရင် ထျန်ပီးကို ဝါဆိုကျောင်းဆရာတော် ဦးပဏ္ဏဝဆီ ခေါ်သွားရမှာပဲ။ ဆရာတော်က လောကီ ရေးရာလည်း နှံ့စပ်တယ်။ ဆေးရုံကြီးဝါကြီး. . ."

"ဒါဆို သွားစို့လေ"

"ထျန်ပီးငြင်းနေရင် ငါတို့ကြိုးစားသမျှ သဲထဲရေသွန်ဖြစ်ရမယ်။ မင်းညီအကြောင်း မင်းအသိဆုံးပဲ၊ ကိုးကွယ်မှုအခန်းကို ဖြတ်ထားတာ၊ ကျောင်းရောက်မှ မထေမဲ့မြင်လုပ်ရင်. . . ပြဿနာအကြီးအကျယ် . . . ဒီကောင့်အတွက် လက်ကျန်အချိန်က သိပ်နည်းနေပြီ. . . ဆယ့်နှစ်နာရီထိုးဖို့ လေးဆယ့်ငါးမိနစ်ပဲလိုတော့တယ်၊ ဒီတော့ ဒီလိုလုပ်မယ်"

"လုပ်စမ်းပါအုံးကွာ"

"တက်ကွာ. . . မင်းရောလိုက်ခဲ့၊ ဆရာတော်ဦးပဏ္ဏဝကျောင်း သွားပြီး. . . ပရိတ်ချည်၊ ပရိတ်ရေသွားတောင်းမယ်"

နာခံလွယ်သောလျှံပီး သူ့ညီအတွက် ဇောကပ်နေသည့်ဟု နှစ်ခါနား မချရပါ။

ဆရာတော်ထံမှ ပရိတ်ချည်နှင့် ပရိတ်ရေလင်းယူပြီး


www.burmeseclassic.com

www.burmeseclassic.com


ဝင်းဇော်တို့ ခြံထဲရောက်သည့်အချိန်မှာ ဆယ့်တစ်နာရီခွဲနေပြီ။

ဝင်းဇော်နှင့်အဖွဲ့ အရက်ပုလင်းခွံများနှင့်အတူ မူးရူးနေကြပြီ။

တချို့အိပ်၊ တချို့သောက်၊ ဝင်းဇော်ကတော့ ဂစ်တာတစ်လုံး ရင်မှာပိုက်ရင်း ခေါင်းငိုက်စိုက်ကျနေသည်။ ထျန်ပီးကိုကား မတွေ့ရပါ။

သူထိတ်ခနဲ စိုးရိမ်သွားမိသည်။

"ဝင်းဇော်. . ."

"ထျန်ပီးဘယ်မှာလဲ. . ."

"ထျန်ပီးဘယ်မှာလဲ"

သူ့ထက် လျှိုမီးက ပိုမိုစိတ်လှုပ်ရှားစွာဖြင့် ဝင်းဇော်ပုခုံးကိုပုတ်၍ မေးနေသည်။

"အန်. . . ဘယ်သူလဲ မသိဘူးကွာ၊ သွားစမ်းပါ အရေးမပါတဲ့ ကောင်တွေ. . . မင်းတို့စိတ်ကြိုက်သောက်၊ ဘာမှ Worry လာမဖတ်နဲ့ ငါခိုင်လာတယ်၊ အိတ်ထဲမှာအပြည့်၊ ဘာရယ်ပ်ချင်လဲ ကြိုက်တာပြော. . . စပွန်ဆာမာတယ်"

"အလှည့်ကျရင်သာ မနွဲ့နဲ့. . . ကြိုက်ဆွဲ. . ."

"အေ့. . ."

"ရှစ်(တ်)"

မျက်စိမဖွင့်၊ ခေါင်းမထူဘဲ အားလေးလျှာလေးနဲ့ ဝင်းဇော်ကို လျှိုမီး ခပ်ကြမ်းကြမ်းလှုပ်ခါလိုက်သည်။

"ဟေ့ကောင် ဝင်းဇော်. . ."


www.burmeseclassic.com

www.burmeseclassic.com



"ငါ့ညီ ထျန်ပီးဘယ်မှာလဲလို့ မေးနေတယ်နော်. . ."

"မူးကြောင်ရူးကြောင်မလုပ်နဲ့. . . အခုချိန်မှာ ငါဘယ်သူ့ကိုမှ သည်းမခံဘူး. . ."

"ပြောစမ်းကွာ. . . မြန်မြန်"

"ဟင်. . . လျှံပီး. . ."

"ဘာလဲ. . ."

"ဘာကိစ္စရှိလို့လဲ"

အခုမှ အမူးပြေဟန်ဖြင့် ဝင်းဇော်ပြူးတူးပြဲတဲမေး၏။

"ထျန်ပီးဘယ်မှာလဲ"

"ထျန်ပီးပြန်သွားပြီ. . ."

"ဟို. . . လေ. . . အိမ်ကိုပြန်တာမဟုတ်ဘူး"

"အိမ်ကိုမပြန်လို့ ဘယ်ကိုပြန်တာလဲ"

"သူ့ကောင်မလေးဆီကို"

"ကောင်မလေး ဟုတ်လား"

"ဘယ်ကောင်မလေးလဲ"

"အဲဒါတော့ ငါလည်းမသိဘူး. . ."

"ငါ့ကောင်မလေး မျှော်နေလောက်ပြီ. . . ပြန်မယ်ဆိုပြီး ပြန်သွားတယ်"

"ဟာ. . . ဒုက္ခပါပဲကွာ"

"လမ်းစကိုပျောက်သွားပြီ၊ ကောင်းကောင်းရယ်. . ."



www.burmeseclassic.com

www.burmeseclassic.com


လျှံပီးတစ်ယောက် ခြေပစ်လက်ပစ် ထိုင်ချလိုက်ရင်း ညည်းတွားၿ၏။ သူလည်း ခေါင်းတွေ ပူထူလို့သွားသည်။

ခဏအကြာ. . .

ခေါင်းထဲမှာ လက်ခနဲ အတွေးတစ်ခုပေါ်လာ၏။ ဟုတ်ပြီ။

"ဟုတ်ပြီ"

"လာ လျှံပီး. . ."

"ထျန်ပီးဘယ်မှာရှိတယ်ဆိုတာ ငါခန့်မှန်းမိပြီ. . ."

သူနှင့်လျှံပီး ရေးကြီးသုတ်ပျာဖြင့် ဝင်းဇော်၏အိမ်မှ ထွက်ခဲ့ကြသည်။

ထျန်ပီးအတွက် လက်ကျန်အချိန်က အရမ်းနည်းနေပြီ။

"ဘယ်ကိုမောင်းနေတာလဲ ကောင်းကောင်း"

"ရွာပြင်ရောက်နေပြီ၊ ဒီဘက်မှာ အိမ်(လူနေအိမ်)တွေ မရှိတော့ဘူး"

"သင်္ချိုင်းကုန်းကို"

"ဘာ. . ."

"သင်္ချိုင်းကုန်း"

လျှံပီးသံယောင်လိုက်ကာ အံ့သြနေပုံရသည်။

ဆယ့်နှစ်နာရီထိုးဖို့ကလည်း ငါးမိနစ်သာလိုတော့သည်။

ဒီညသန်းခေါင် ထျန်ပီးကို သွားခေါ်မယ်ဆိုသည့် (အမေအိုၾ အသံက) ထျန်ပီးအား သေမိန့်ချထားသလို သူ့ရင်မှာ တုန်လှုပ်လို့


www.burmeseclassic.com

www.burmeseclassic.com



နေ၏။

သချိုင်းမြေထဲရောက်သည်နှင့် . .

"ရှီး . . ."

"ဝိ. . ."

"ဝိ. . ."

ကြောက်မက်ဖွယ် လေတိုးသံကြီး ကြားလိုက်ရ၏။ သူ့ခန္ဓာကိုယ်ထဲ ပိုးမျိုးကုဋေကုဋာ ခုန်ပေါက်သောင်းကျန်းနေသည့်အလား. . . အရေပြား အနှံ့ ရွစိထိုးနေ၏။

"ဘာသံကြီးလဲ ကောင်းကောင်း"

"နားတွေကိုအူနေပြီ. . . ကြောက်စရာကြီးနော်. . ."

"သေမင်းတမန်အသံ"

"ဟင်"

"ဟုတ်တယ် လျှံပီး"

"သေမင်းတမန် ရောက်နေပြီ"

"ထျန်ပီးကို လာခေါ်တာ. . ."

သချိုင်းဇရပ်မည်းကြီးအောက် ဆိုက်ကယ်ထိုးရပ်လိုက်ပြီး သင်းမေ၏ အုတ်ဂူအသစ်လေးဆီ ကောင်းကောင်းလှမ်းကြည့်လိုက်၏။

တွေ့ပြီ မသင်းမေအုတ်ဂူခေါင်းရင်းမှာ ထျန်ပီး ဒူးတုန်ထိုင်နေ၏။

"ထျန်ပီးက ဒီကိုရောက်နေပါလား"



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩမှင်တက်မိနေဆဲ လျှံပီးကိုလက်ဆွဲကာ ထျန်ပီးရှိရာပြေးလာမိသည်။

"ထျန်ပီး ညီလေး. . ."

လျှံပီးအော်သံ အုတ်ဂူတွေကြား ပဲ့တင်ထပ်သွား၏။

ထျန်ပီးကတော့ လုံးဝလှည့်မကြည့်ပါ။ မသင်းမေ၏ အုတ်ဂူလေးကိုသာ တပ်မက်စွာငေးကြည့်နေ၏။

လျှံပီးက မနားတမ်းအော်ကာ ပြေးသွား၏။

သို့သော်. . .

လျှံပီး၏အော်သံတွေသည် ကျယ်လောင်စွာစူးရှသော လေချွန်သံ စူးစူးကြီးများအောက်မှာ တိမ်ဝင်သွားသည်။

အသံစူးစူးကြီးကားပို၍ပို၍ ကျယ်လောင်စူးရှလာသည်။

ထိုအသံကြီးထွက်ပေါ်လာရာအရပ်ကား မသင်းမေ၏ အုတ်ဂူဆီမှဖြစ်၏။

သွေးပျက်ဖွယ်အသံကြီးထဲမှာ ဂယောင်ဂယက်မျောပါလုဆဲဆဲ စိတ်တွေကို ချက်ချင်းပြန်လည်စုစည်းလိုက်ရ၏။

"ဒီပရိတ်ချည်နဲ့ သူ့လည်ပင်းကို စလွယ်သိုင်းစွပ်ပေးလိုက်၊ ပရိတ်ရေနဲ့ သူ့တစ်ကိုယ်လုံးကိုဖျန်းပေးလိုက်. . . ကျရောက်ပြီး ကျရောက်ဆဲ၊ ကျရောက် လတ္တံ့အန္တရာယ်ဟူသမျှ ငြိမ်းအေးသွားလိမ့်မယ်. . ."

"သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နဲ့ပြည့်စုံတဲ့ ဆရာတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com


တွေ ကိုယ်တိုင် အကြိမ်ကြိမ်ရွတ်ဆိုပွားများထားတဲ့ ပရိတ်ချည် ပရိတ်ရေတွေဖြစ်လို့ ရှိသေယုံကြည်ကြ"

ဆရာတော်ဦးပဏ္ဏဝဏ္ဏ၏မှာကြားသည့်စကားတွေကို ဖြန့်လည်ကြားယောင်မိသည်နှင့် နားမခံသာသော အသံစူးစူးကြီး တိခနဲ ရပ်သွား၏။

ချက်ချင်းတိတ်ဆိတ်ကာ သံချိုင်းကုန်းသည် သုသာန်တစပြင် ပီသစွာ ခြောက်ကပ်လျက်ရှိသည်။

ကောင်းကောင်းလက်ထဲမှ ပရိတ်ချည်ကွင်းဖြင့် ထျန်ပီး၏ လည်တိုင်ကို စွပ်ချလိုက်ရန် လက်ရွယ်လိုက်စဉ်. . .

"စွီး. . ."

"စွီး. . ."

"ထွီး. . ."

"ဖန်း. . ."

လင်းနို့မည်းကြီးတစ်ကောင် ရုတ်ချည်းပျံသန်းလာပြီး ကောင်းကောင်း လက်အစုံကို တောင်ပံအစုံနှင့်ခတ်ထုတ်ပြီး ရှုပ်ကြီးဆိပ်ပျံပြေးသွားလေပြီ။

ကောင်းကောင်းအရေးတကြီးပင် ပရိတ်ချည်ကွင်းကို လိုက်ရှာပေမယ့် မတွေ့တော့ပေ. . . လက်ထဲမှ ပရိတ်ချည် ဘယ်ရောက်သွားမှန်းမသိတော့။

သူ ထိုသို့ ဗျာများနေစဉ် မသင်းမေအုတ်ဂူအပေါက်လေးထဲမှ


www.burmeseclassic.com

www.burmeseclassic.com


အလင်းတန်းတွေ ပန်းထွက်လာသည်။

အစိမ်း၊ အနီ၊ အပြာ သုံးရောင်ရောယှက်နေသော ထို အလင်းတန်းသည် အုတ်ဂူထိပ်အပေါက်ငယ်လေးဆီမှ ထျန်ပီး၏ ဦးခေါင်းထက်သို့ သက်တံ့ သဏ္ဍာန်ကွေးညွတ်စွာ ကျနေ၏။

ထျန်ပီး၏မျက်နှာသည် လူသေကောင်မျက်နှာတစ်ခုလို အသက်မဲ့လွန်း လှ၏။

အလင်းတန်း၏အရောင်တွေ စူးလက်လွန်းသဖြင့် မျက်စိတွေ ကြာစေ လာသည်။

သက်တံ့သဏ္ဍာန် Fendermental Colours စိမ်း၊ နီ၊ ပြာသုံးရောင်ချယ် အလင်းကွေးလေးမှ ရောင်ဖြာမှုက သချိုင်းအုတ်ဂူ များပေါ်၊ မြေပုံမို့မို့များထက် ကုက္ကိုပင်ရွက်ကြီးတွေဆီ. . . အနီရောင်တချို့၊ အစိမ်းရောင်တောက်တောက်နှင့် အပြာရောင်ပြောင် ပြောင်များ လင်းလက်ကျရောက်နေတော့သည်။

လျှံပီးကတော့ သူ့ညီကိုတစ်လှည့်၊ အလင်းတန်းတွေကို တစ်လှည့် မသင်းမေအုတ်ဂူကိုတစ်လှည့် ငေးမောဆွံ့အနေတော့ သည်။

အရောင်တွေ တလက်လက်ပြိုးပြက်နေရာ ကုက္ကိုပင်ကြီးဆီသို့ ထျန်ပီး စူးစိုက်ကြည့်နေ၏။

ကောင်းကောင်းနှင့်လျှံပီးလည်း ထိုနေရာသို့ကြည့်မိရာ. . .

"ဂွတ်. . ."


www.burmeseclassic.com

www.burmeseclassic.com



"ဂျွတ်. . ."

"ဂျွတ်. . ."

ကုက္ကိုကိုင်းကြီး လေပြင်းတိုက်ခတ်မှုကြောင့် ကျိုးကျသွားသည်။

ထျန်ပီးသည် စောစောက ငုတ်တုတ်သေနေသူလို ငြိမ်နေရာမှ

ဓာတ်ဝင် အလောင်းတစ်ကောင်လို ဝုန်းခနဲ ထရပ်လိုက်သည်။

အလင်းတန်းများမှ အလင်းအဆစ်အပိုင်းများအဖြစ်သို့. . .

ထို့နောက်. . .

ပိုရှဲသေးငယ်သော အလင်းပြောက်၊ အလင်းစက်များအဖြစ်သို့

ပြောင်းလဲသွား၏။

"ဟင်"

"ငြိမ်သက်မှုင်တက်မိနေလျက်မှ ကောင်းကောင်းနှင့်လျှပ်ပြီး

အလန့်တကြား ရေရွတ်မိသည်။

အလင်းတန်း၊ အလင်းစက်၊ ဖြိုးဖြိုးဖျောက်ဖျောက်များအောက်ရှိ

ကုက္ကိုကိုင်းကျိုးကြီးထိပ်နားဆီမှ လူသဏ္ဌာန်အရိပ်တစ်ခုကို

တွေ့လိုက်ရ၏။

"မသင်းမေ"

ထျန်ပီး ရင်ခေါင်းသံကြီးဖြင့် အော်ဟစ်ကာ ထိုအရိပ်မည်းကြီး

ဆတ်ယပ်ခေါ်ငင်ရာဆီ အရှိန်ပြင်းစွာ ပြေးထွက်သွားလေသည်။

"ထျန်ပီးမသွားနဲ့"

"ထျန်ပီး. . . ညီလေး"



www.burmeseclassic.com

www.burmeseclassic.com


သူတို့နှစ်ယောက်မတားလိုက်နိုင်ခင် ထျန်ပီး ကူကွိုပင်ကြီးဆီ ရောက်ရှိသွားလေပြီ။

ဝန်းကျင်တစ်ခုလုံးသည် အရောင်စုံအလင်းတန်းများ ပြည့်လျှံ လှုပ်ခတ်နေ၏။

"မသင်းမေ . . ကိုယ့်ကို ခွင့်လွှတ်ပါ"

"ခွင့်လွှတ်ပါ ချစ်သူရယ်"

"ကိုယ့်အမှားတွေကို နားလည်ပေးပါ"

"ကိုယ် မင်းကို လက်ထပ်မှာပါ"

တစ်ကိုယ်တည်း တတွတ်တွတ်ရေရွတ်နေသော ထျန်ပီးရှေ့မှ ဖျတ်ခနဲ ဖျတ်ခနဲ တွေ့လိုက်ရသော လူသဏ္ဌာန်တစ်ခုကား ပေါ်လာလိုက်၊ ပျောက်သွားလိုက်။

ထျန်ပီးကတော့ သူရူးတစ်ယောက်လို တစ်ကိုယ်တည်းရေရွတ်မြဲ ရေရွတ်နေ၏။

ကောင်းကောင်းစိတ်ထဲမှာ ထျန်ပီးအတွက် ကြီးစွာစိုးရိမ် နေမိသည်။

သူ့လက်ထဲမှာ ဆုပ်ကိုင်ထားဆဲ ပရိတ်ရေပုလင်းကို အားကိုး တကြီး ဖက်တွယ်ကာ မျက်စိမှုံဝေနောက်ကျူအောင် လှုပ်သတ် ပြေးလွှား အလင်းတန်းများကြားထဲ တရွေ့ရွေ့တိုးသွား၏။

လျှံပီးကလည်း သူ့နောက်မှ ဖဝါးထပ်မျှ ကပ်ပါလာသည်။

"ထို"


www.burmeseclassic.com

www.burmeseclassic.com


"ဟာ. . . ပုတ်လိုက်တာကွာ"

သူတို့နှစ်ယောက် ထျန်ပီးနှင့် နှစ်လံအကွာလောက်အရောက်မှာ ညီစို့စို့ ပုတ်အဲ့အဲ့အနံ့ကြီးကြောင့် တုံ့ခနဲ ရပ်လိုက်ကြသည်။

"ဟာ"

ထျန်ပီးရှေ့တည့်တည့်မှာ သေဆုံးသူမသင်းမေ၏ ငိုမဲ့မဲ့ မျက်နှာကြီးကို မြင်လိုက်ရ၏။

သူတို့၏ ကျယ်လောင်သော အာမေဋိတ်သံကြောင့်လား တော့မသိ၊ မသင်းမေ၏မျက်နှာကြီး ရုတ်ချည်းပြန်လည်ပျောက်ကွယ် သွားပါသည်။

ထျန်ပီးကတော့ တဆတ်ဆတ်တုန်ရီကာ ရပ်နေသည်။

သူ ရှေ့သို့ တစ်လှမ်းတိုးသွားတော့ ထျန်ပီးတစ်လှမ်းရှေ့တိုး သွား၏။ တရွေ့ချင်းနီးကပ်သွားရန်. . .

နောက်တစ်လှမ်း သူရှေ့ဆက်တိုးလိုက်သည်။

ထျန်ပီး ရှေ့ဆက်လှမ်းသွား၏။ ကုက္ကိုပင်ကြီး၏ သစ်ခေါင်း ခေါက်ကြီး ရှေ့ရောက်သွား၏။

သူပရိတ်ရေပုလင်းအဖုံးကို ဖွင့်လိုက်စဉ်. . .

ထျန်ပီး သူတို့ကိုလှည့်ကြည့်၏။

သူတစ်ကိုယ်လုံး ဓာတ်လိုက်ခံရသူလို တွန့်သွားသည်။

ထျန်ပီး၏မျက်လုံးတွေက သားရဲတစ်ကောင်၏မျက်လုံးများလို စူးစိမ်းဝင်းပြောင်လို့နေသည်။


www.burmeseclassic.com

www.burmeseclassic.com



"ဂိ. . ."

"ဂိ. . ."

ထိတ်လန့်တုန်လှုပ်သော ခံစားချက်တွေ၊ ငှက်ဆိုးထိုးသံကြောင့် ဆတိုး ပွားလာ၏။

သချိုင်းမြေတစ်ခုလုံး ငလျင်ချက်မိနေသလို ငြိမ့်ခနဲ တုန်ခါနေသည်မှာ မကြုံစဖူး ထိတ်လန့်စရာ. . .

သူ့ခြေထောက်တွေ မတ်မတ်မရပ်နိုင်လောက်အောင် ယိမ်းထိုးရမ်းခါနေသည်။

လျှပ်ပြီးကတော့ ကြောက်အားကြီးစွာပင် သူ့ကိုသိမ်းကျုံးဖမ်းထားခဲ့။

အနံ့စူးစူးကြီးကလည်း မခံမရပ်နိုင်စွာ ပိုမို ပုတ်အဲ့နံဟောင်ပေမယ့် ရှေ့ဆက်တိုးလို့မရ။

အနံ့ပြင်းပြင်းကြီး နံဟောင်နေသည်က တစ်ကြောင်း. . .

ခဲဆွဲထားသလို လေးလံလွန်းလှသော ဆွဲအားတစ်ခုဖြင့် ဆွဲထားသည်ကြောင့် မလှုပ်ယှက်နိုင်သော သူ့ခြေထောက်တွေ နေရာမရွေ့နိုင်ခြင်းကြောင့် တစ်ကြောင်း. . .

သူ့ခြေလှမ်းတွေ ရှေ့တိုး၍မရပါ။

မှိုသ၍ လက်ဖြင့် ထျန်ပြီးကျောပြင်သို့ ပရိတ်ရေဖြင့် လှမ်းပက်လိုက်သောအခါ. . .

"အိး. . ."



www.burmeseclassic.com

www.burmeseclassic.com



တွဲ့ ခေါက်နာကျင်သော အော်သံနက်ကြီးနှင့်အတူ သူတို့

အနီးမှ လူတွေ တစ်အုပ်ကြီး ဖြတ်ပြေးသံကြားလိုက်ရ၏။

"ဂိုး. . ."

နက်ရှိုင်းကျယ်လောင်လှသော ကြိမ်းဝါးသံအလား၊ ငှက်ဆိုး

ထိုးသံကြီး ကုက္ကိုပင်ခြောက်ပေါ်မှ ထွက်ပေါ်လာသည်။

ကောင်းကောင်းနှင့် လျှံပီးမော့ကြည့်စဉ်. . .

နီရဲရဲမျက်လုံးအစုံနဲ့ ထိုငှက်ဆိုးကြီး ဗိုးခနဲ ထပျံသွား၏။

ကောင်းကောင်းလက်ထဲမှ ပရိတ်ရေဖြင့် အဆက်မပြတ်ပင်

ထျှန်ပီး၏ မျက်နှာ၊ ကိုယ်လုံးအနှံ့ ပက်လိုက်တော့သည်။

ပါးစပ်မှလည်း. . .

"ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ"

အဆက်မပြတ်ရွတ်ဆိုလိုက်သည်တွင်. . .

ထျှန်ပီး၏ ခန္ဓာကိုယ်ကြီး နတ်ဝင်သည်လို လှုပ်ခါယိမ်းထိုးပြီး. . .

နှာတစ်ဆီမှ မီးခိုးငွေ့အလုံးကြီးတစ်လုံးထွက်သွား၏။

"ဝုန်း"

ကြည့်နေဆဲမှာပင် ထျှန်ပီးသည် ခုတ်ပိုင်းလှဲချလိုက်သော

ငှက်ပျောတစ်ပင်လို လဲကျသွား၏။

"ညီလေး"

"ထျှန်ပီး"

ထျှန်ပီးပြိုလဲကျရာဆီသို့ လျှံပီးပြေး၍ပွေ့ဖက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com


သွေးသားရင်းချာအတွက် သောကနဲ့လောင်မြိုက်နေသည့်အော်သံ သချိုင်းထဲပဲ့တင်ထပ်နေ၏။

ကောင်းကောင်းလည်း ပုလင်းထဲရှိ ပရိုတ်ရေမျှားဖြင့် တွေ့သမျှ နီနီ၊ စိမ်းစိမ်း၊ ပြာပြာ မျက်လုံးတွေဆီပက်ရင်း. . . သရဏဂုံသုံးပါးကို ထပ်တလဲလဲ ရွတ်ပွားလိုက်လေသည်။

ထိထိခတ်ခတ်ညည်းတွားသံများ. . . ပြေးလွှားလဲပြိုသံများ တဖြည်းဖြည်း တိုးတိမ်ပျောက်ဆုံးသွား၏။

တိတ်ဆိတ်ခြောက်ကပ်သချိုင်းထဲမှာတော့ ထျန်ပီး၏ ပမ်းကျ မောဟိုက်သော အသက်ရှူသံသာ မင်းမူကျန်ရစ်ခဲ့တော့သည်။

♣♣♣


www.burmeseclassic.com

www.burmeseclassic.com


# အပိုင်း (၄)

"ကျေးဇူးတင်လိုက်တာ ကောင်းကောင်းရယ်. . ."

"ငါ့ညီမှာ မင်းပေးတဲ့အသက်ပဲရှိတော့တာပါ"

"ကယ်ခွင့်ကြုံလို့ကယ်ရတာ ငါကလည်း ကျေနပ်လို့မဆုံးပါဘူး ကွာ. . . တကယ်တော့လည်း ထျန်ပီးရဲ့ကုသိုလ်ကံကလည်း. . . သေနေ့မစေ့သေးလို့ပါ။ ငါဘယ်လောက်ပဲစေတနာကောင်းပြီး ကယ်တင်ချင်ပေမယ့် ထျန်ပီးသေနေ့စေ့နေရင် ကယ်လို့ ရပါဘူး. . ."

"ဘာပဲပြောပြော မင်းဟာ ငါတို့ညီအစ်ကိုနှစ်ယောက်ရဲ့ ကျေးဇူးရှင်ပါပဲကွာ"

"လျှံပီးကလည်းကွာ ဒီလောက်ရင်းနှီးနေတဲ့ မင်းတို့နဲ့ငါနဲ့ ကြားမှာ ကျေးဇူးဆိုတဲ့စကားက စိမ်းလွန်းပါတယ်"

"ထျန်ပီးကို ငါ့ညီအရင်းလို ချစ်တာပါကွာ"

"လေးစားတယ် သူငယ်ချင်းရယ်"


www.burmeseclassic.com

www.burmeseclassic.com



"လေးစားတာ နောက်နေ့မှ လေးစားတော့ . . လျှို့ပြီး အခုလောလောဆယ် ငါအရမ်းအိပ်ချင်နေပြီ . . ."

"တုံ . . . တုံ"

"တုံ . . . တုံ"

"ဟာ . . . ဟုတ်သားပဲ၊ လေးနာရီတုံးတောင်ခေါက်နေပြီ"

"ဝုတ် . . ."

"ဝုတ် . . ."

"ဝေါင်း . . ."

"ဝေါင်း"

အိပ်ယာဝင်လုဆဲဆဲမှာ စူးစူးဝါးဝါးထိုးဟောင်လိုက်သော ခွေးအသံကြောင့် သူနှင့်လျှို့ပြီး အိမ်ရှေ့ဆီ ပြိုင်တူထွက်ကြည့်လိုက်ကြ၏။ ထျန်ပီးကတော့ နှစ်ခြိုက်စွာအိပ်မောကျနေလေပြီ။

"ဘယ်သူလဲ"

အိမ်လေးရှေ့ထိုးရပ်လိုက်သော ဂျစ်ကားပေါ်မှလူတစ်ယောက် ခုန်ဆင်းလာသည်။

"ဆရာ . . ."

"ဆရာ . . ."

"ဟင် . . . ကိုကျော်ဆောင်"

တွင်းဆရာကိုကျော်ဆောင်နှင့်အတူ တွင်းသားနှင့်ယောက် ရေးကြီးသုတ်ပျာနိုင်စွာ အိမ်လေးပေါ် ပြေးတက်လာကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ တွင်းဆရာ၊ မှော်ထဲမှာ ဘာပြဿနာဖြစ်လို့လဲ"

"မသင်းမေ"

"မသင်းမေ"

"မသင်းမေ ဘာဖြစ်သလဲ ပြောလေ. . ."

"မသင်းမေ ညဆယ်နှစ်နာရီမှာ တွင်းလျှံလို့. . ."

"ဟာ ဟုတ်လား. . ."

ထိတ်ခနဲ ဝမ်းသာမိပေမယ့် ကိုကျော်ဆောင်နှင့်တွင်းသားနှစ်ယောက် ညှိုးငယ်သော မျက်နှာများကြောင့်. . .

"တွင်းလျှံတာလုံးဝအလေအလွင့်မရှိအောင် ကျွန်တော်တို့ထိန်းနိုင်ခဲ့ပါတယ်ဆရာ. . ."

"ဒါ ဒါပေမယ့်"

ပြောလက်စစကားရပ်ကာ ကိုကျော်ဆောင်ခေါင်းငိုက်စိုက်ကျသွားသည်။

သူ့ရင်ထဲ သောကတွေ ဝုန်းဒိုင်းကြသွား၏။

"ဒါပေမယ့် ဘာဖြစ်သလဲ ကိုကျော်ဆောင်"

"မြင့်ဝင်းနိုင်သေသွားပြီဆရာ. . ."

"ဘာ"

တုန်လှုပ်စွာအော်ချလိုက်သော သူ့ရှေ့မှာ ကိုကျော်ဆောင်သည် ကြေကွဲစွာ ဒူးအစုံတုတ်ကျသွားတော့သည်။

"မြင့်ဝင်းနိုင်အလောင်း ကားပေါ်မှာ ပါလာပါတယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com


ကိုကျော်ဆောင်စကားအဆုံးမှာ အိမ်လေးပေါ်မှာ လွှားခနဲ ခုန်ဆင်းလိုက်၏။

အသက်ဝိညာဉ်ကင်းမဲ့နေသော မြင့်ဝင်းနိုင်၏မျက်နှာထက်သို့ တောင်းကောင်းမျက်ရည်တွေ ဒလဟောစီးကျသွားတော့သည်။

"ဘယ်လိုဖြစ်ရတာလဲဗျာ၊ အန္တရာယ်မဖြစ်အောင် ဂရုစိုက်ဖို့ အတန်တန် သတိပေးထားလျက်ကဗျာ. . ."

"ဘယ်လိုဖြစ်တာလဲ ပြောပြစမ်းပါ ကိုကျော်ဆောင်ရယ်. . ."

♣♣♣


www.burmeseclassic.com

www.burmeseclassic.com



ရှိ . .

ရှိ . . .

လေတိုးသံရှည်မျှော့မျှော့များကြောင့် တွင်းဆရာကိုကျော်ဆောင်းသန့်နိုးသွားရသည်။

"ဘာသံတွေပါလိမ့်"

"ရှိ . . "

"ဝေါ့ . . "

"ဖြင်း . . . "

"တွင်းဆရာ"

"တွင်းဆရာ ထပါအုံး . . . "

"ဟော . . . မြင့်ဝင်းနိုင် ဘာဖြစ်လို့လဲ"

တဲအတွင်းပြေးဝင်လာသော မြင့်ဝင်းနိုင်အမူအရာသည် ထောခတ်နေ၏။

"မသင်းမေ . . "



www.burmeseclassic.com

www.burmeseclassic.com



"မသင်းမေတွင်းလျှံနေပြီထင်တယ်ဗျ၊ တွင်းအပြည့် ဝန်းထွက်နေတယ်၊ ကျုပ်တစ်ယောက်တည်း ဘယ်လိုလုပ်ရမှန်း မသိလို့. . ."

"ဟေ ဟုတ်လား"

"နှိုးနှိုး. . . တွင်းသားတွေအကုန်နှိုး. . . တာလပတ်တွေ ရသလောက် စုခဲ့ကြ"

ဆက်တိုက်ညွှန်ကြားသလို သူကိုယ်တိုင်လည်း လည်ချောင်းပိုက်နှင့် ပိုက်ပျော့တစ်ခွေကိုဆွဲကာ မသင်းမေရေနံတွင်းလေဆီ ပြေးသွားလိုက်သည်။

သူ့တပည့်တွေလည်း ချက်ချင်းဆိုသလို အုတ်အော်သောင်းနင်းနိုင်လှစွာ တာလပတ်လိပ်ကြီးများပွေ့ယူကာ မသင်းမေဆီပြေးခဲ့ကြသည်။

"မသင်းမေ တွင်းလျှံလို့တဲ့ဟေ့. . . ကိုကောင်းကောင်း ရေနံမှော်က တွင်းလျှံလို့တဲ့ဟေ့. . ."

ညဆယ်နာရီခွဲမှာ မသင်းမေတွင်းလျှံသည့် သတင်းသည် ကြေးအိုးကွဲ မှော်တစ်ခုလုံးအနှံ့ တောမီးလို ပျံ့နှံ့သွားလေသည်။

စိုင်းလူအေးတို့အပါအဝင် နီးရာတဲများမှ လူတွေအားလုံး အပြေးရောက်လာကြပြီး ဝိုင်းဝန်းကူညီကြ၏။

တောင်ကုန်းအဆင်းမှာ တာလပတ်တွေပတ်ပြီး ရေနံကန်လုပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ရပ်သာသာအမြင့်အထိ ပန်းထွက်နေသောရေန်များကို ပိုက်ပျော့နှင့်သွယ်ကာ ရေနံကန်ထဲသို့ကျစေသည်။

ကိုကျော်ဆောင်တစ်ယောက် အလုပ်နဲ့လက်မပြတ်တမ်း လုပ်ရင်း မြူးဆောင့်နေတော့သည်။

"ကိုကျော်ဆောင်တို့အဖွဲ့ ချမ်းသာပြီဗျ. . ."

"သူဌေးချမ်းသာတာပါဗျ"

"ဟာဗျာ. . . ကိုကောင်းကောင်းက သိပ်စိတ်ကောင်းရှိတဲ့ လူပဲဗျာ၊ ခင်ဗျားတို့ကို ထိုက်ထိုက်တန်တန် ခွဲဝေပေးမှာပါဗျာ"

"ဟုတ်တယ် စိုင်းလူအေးရေ၊ မနက်တုန်းကတောင် တွင်းလျှံနိုင်တဲ့အကြောင်း သူဌေးနဲ့ဆွေးနွေးဖြစ်သေးတယ်၊ သူဌေးက သောဘသဏ္ဍာရသိပ် နည်းတာပဲဗျ၊ အကျိုးအမြတ်ရဲ့သုံးပုံတစ်ပုံကို သူယူမယ်တဲ့၊ တစ်ပုံကို ကျွန်တော်နဲ့တွင်းသားတွေအတွက် ပေးမယ်တဲ့ သူက တစ်ပုံပဲယူမှာလို့ ပြောသွားတယ်ဗျ၊ ကျွန်တော်ယုံပါတယ်၊ ကိုကောင်းကောင်းဟာ အပြောနဲ့အလုပ်အမြဲထပ်တူညီတဲ့ သူတော်လူကောင်းတစ်ယောက်ပါ"

"အေးပေါ့ဗျာ စိတ်ကောင်းရှိလို့ ကံကြမ္မာကောင်းအကျိုးဆက်လာတာပဲပေါ့. . ."

"ဒါ့ထက် ခင်ဗျားတို့သူဌေးကို ညတွင်းချင်း သတင်းပို့သင့်တယ်နော်"

"မနက်လင်းမှ ဆရာ့ကို ကျွန်တော်ကိုယ်တိုင်သွားခေါ်



www.burmeseclassic.com

www.burmeseclassic.com


လိုက်မယ်လေ တွင်းဆရာ"

အနီးမှာလာရပ်ကာ မြင့်ဝင်းနိုင်ပြော၏။ မြင့်ဝင်းနိုင်မျက်နှာမှာ ဒီဇယ်တွေနဲ့ ပြောင်ချောဝင်းလက်နေ၏။

တကယ်တော့ ကြည်နူးမှုရောင်စဉ်တွေ ဖိတ်ဖိတ်လက်လက် တောက်ပ နေခြင်းသာဖြစ်သည်။

"ဟုတ်တယ် စိုင်းလူအေး. . . ကျွန်တော်တို့ဆရာ ပင်ပန်း နေမှာဗျ၊ မနက်လင်းမှပဲ သွားခေါ်တာကောင်းမယ်၊ အခုပဲ ညဆယ့်နှစ်နာရီရှိနေပြီ"

"ဪ. . . ဟုတ်ပါရဲ့. . ."

"ကဲ. . . ကဲ. . . လုပ်စရာလည်း သိပ်မရှိတော့ဘူး. . . တဲပြန်လိုက်အုံးမယ် ကိုကျော်ဆောင်ရေ. . ."

စိုင်းလူအေး နှုတ်ဆက်ပြီးပြန်သွား၏။

တာလပတ်ကန်မှ ရေနံစိမ့်မစိမ့် အခြေအနေကြည့်ရန် ကိုကျော်ဆောင် တောင်ကမူအခြေသို့ ဆင်းခဲ့၏။

"မြင့်ဝင်းနိုင်ရေ. . . ဒီညတော့ မအိပ်နဲ့တော့ကွာ၊ တွင်းနားမှာ စောင့်ပြီး ပိုက်ဆက်တွေ သတိထားကြည့်နေခဲ့နော်၊ မင်းတစ်ယောက် တည်းမနိုင်ရင် အောင်မြင့်ကိုလွှတ်လိုက်မယ်နော် ကြားလား. . ."

"ဟုတ်ကဲ့ပါ. . . တွင်းဆရာရယ် စိတ်ချ၊ သေရင်သေသွားပါစေ မသင်းမေ အနားက ဘယ်မှာမခွာဘူးဗျို့. . ."

"ဟာ. . . ဒီကောင်လေး. . . ပေါက်ပန်းလေးဆယ်လျှောက်မပြော

www.burmeseclassic.com



ကောင်းဘူး. . . တောထဲတောင်ထဲ ဘာအောက်မေ့လို့တုန်း. . .''

ကိုကျော်ဆောင် ခပ်ဟန့်ဟန့်လေးအော်လိုက်မှ မြင့်ဝင်းနိုင် ခေါင်းကလေးပုက ငြိမ်ကျသွား၏။

ဝါးရုံပင်တန်းများကြားမှ တစ်ကိုယ်စာလူသွားလမ်းလေးအတိုင်း တို ကျော်ဆောင်ဆင်းလာသည်။

ထိုစဉ် တောင်ခြေမှပြေးတက်လာသော လူတစ်ယောက်တို လှစ်ခနဲ လှမ်းမြင်လိုက်ရ၏။

လရောင်ဝိုးတဝါးအောက်မှာ မည်သူမည်ဝါမကွဲပြားပေမယ့် ဆိုလူရိပ်သည် သားရဲတိရစ္ဆာန်အရိုင်းတစ်ကောင်လို ကမူးရှူးထိုးပြေး တက်လာခြင်း ဖြစ်သည်။

“ဘယ်သူလဲဟေ့”

သူ့မေးခွန်းကို ပြန်မဖြေဘဲပြေးတက်လာ၏။

လူနှစ်ယောက် ယှဉ်လျှောက်လို့မရအောင် ကျဉ်းမြောင်းသော လမ်းဖြစ်၍ ကိုကျော်ဆောင်လမ်းဘေးဝါးရုံပင်ကြားထဲ တိုးတစ် ရှောင်တိမ်းပေးလိုက်၏။ မရှောင်လျှင် သူ့ကိုဝင်တိုက်မည်ထင်၏။

ဝိုးခနဲ သူ့ဘေးမှဖြတ်တတ်သွားသူကို အသေအချာ လှမ်းမြင် ရသည်။

“အလိုလေး. . . မသင်းမေ. . .”

သူ့နှုတ်မှ လန့်ဖျန့်ရေရွတ်သံ မဆိုသလောက်ကျယ်သွား၍ သင်းမေ တုံ့ခနဲရပ်ကာ စူးခနဲတစ်ချက်စိုက်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့သွေးခုန်နှုန်းတွေ ရပ်ဆိုင်းသွားသည့်နှယ် တောင့်တောင့်ကြီး ရပ်နေမိသည်။

မသင်းမေ၏ မျက်လုံးတွေကိုကြည့်ရသည်မှာ နေလိုမီးလို ပူလောင်လွန်းလှသည်။ စိမ်းလက်တောက်ပြောင်လွန်းလှသည်။

"အမလေး တော်ပါသေးရဲ့. . ."

မသင်းမေ သူ့ကိုကျော၍ခိုင်းကာ တောင်ကုန်းထိပ်သို့ တစ်လှမ်းချင်း လှမ်းတက်သွားလေ၏။

တဆတ်ဆတ်တုန်ခါပျော့ခွေသော ခြေအစုံဖြင့် လမ်းကျဉ်းလေး အတိုင်း ဆင်းလာစဉ် ခြေသံတဝုန်းဝုန်းဖြင့် မတောင်ကုန်းပေါ်မှ လူတစ်ယောက် ပြေးဆင်းလာပြန်သည်။

"တွင်းဆရာရေ. . ."

"ကိုကျော်ဆောင်ရေ. . ."

"တွင်းဆရာ"

ငယ်သံပါအောင်အော်ဟစ်လျက် အောင်မြင့်၊ သူ့အနား ရောက်လာတော့ တစ်ကိုယ်လုံးဇောချွေးတွေ ဖိုင်ထွန်းလို့နေသည်။

"တွင်းဆရာ တောင်ကုန်းပေါ်မှာ"

"အရေးထဲ ထစ်နေရသလား အောင်မြင့်ရာ၊ ပြောစမ်း. . . တောင်ကုန်းပေါ်မှာ ဘာဖြစ်လို့လဲ"

"တောင်ကုန်းပေါ်မှာ. . . မြွေတွေ. . ."

"ဟေ"



www.burmeseclassic.com

www.burmeseclassic.com



"မြွေတွေအလယ်မှာ မြင့်ဝင်းနိုင်၊ လုပ်အုံးပါဆရာ ကျွန်တော် သူငယ်ချင်းကို ကယ်ပါအုံး"

ကိုကျော်ဆောင်နှင့် တွင်းသားအောင်မြင့် ရောက်ရှိသွားချိန်မှာ ခသင်းမေရေနံတွင်းအနီးမှ . . .

တွန့်တွန့်တွတွနဲ့ မြောက်များလှစွာသော မရေမတွက်နိုင်အောင် မြည့်ထပ်နေသည့် မြွေတွေ မြင့်နိုင်ဝင်းကို ဝန်းရံလှည့်ပတ်နေသည်။

တစ်သက်နဲ့တစ်ကိုယ် တစ်ကြိမ်မျှမကြုံတွေ့ဖူးသော မြွေအထွေးအခဲကြီးကိုကြည့်ကာ ကိုကျော်ဆောင်တစ်ယောက် ထိတ်လန့်ဆွံ့အသွားရပါသည်။

မြင့်နိုင်ဝင်းကတော့ စိတ်ညို့ခံရသူလို . . . အိပ်မက်မက်သူလို ကြောင်စီစီ။

မြွေမျက်လုံးတွေက နီရဲရဲတချို့၊ စိမ်းလဲ့လဲ့တချို့၊ ပြာလက်လက်တချို့ . . .

ရေနံမျှော်တစ်ခုလုံးအပြည့် လူးလားလွန်းထိုးနေ၏။

ထိုအခိုက်မှာပင် . . .

"ရှီး . . ."

စူးရှလင်းလက်သော အလင်းတန်းကြီးတစ်ခုကြောင့် ကိုကျော်ဆောင် မျက်စိစုံမှိတ်ချလိုက်ရ၏။

မျက်စိမှိတ်မချခင်မှာ ထိုအလင်းတန်းစူးစူးကြီး မြင့်ဝင်းနိုင်နှင့် ဘီးသို့ မြှားတစ်စင်းလို ပြေးဝင်သွားသည် ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့. . .

တစ်တောလုံး လုံးပျက်သမျှ ရယ်သံနက်ကြီး လွှမ်းခြုံကာ မှောင်အတိ ကျသွား၏။

"အား"

အောင်သံကြီးအဆုံးမှာ မြင့်ဝင်းနိုင်အသံ. . .

ထို့နောက်မှာတော့ ရေနံမှော်တစ်မှော်လုံး အပ်ကျသံကြားနိုင်သည်အထိ တိတ်ဆိတ်ခြောက်ကပ်ကျန်ရစ်ခဲ့ရပြီ. . .

♣♣♣

www.burmeseclassic.com

www.burmeseclassic.com



မောကြီးပန်းလျှရှင်းပြသော တွင်းဆရာ၏ စကားအဆုံးမှာ ကောင်းကောင်းတစ်ယောက် ခေါင်းငိုက်စိုက်ကျ ညည်းတွားလိုက်လေသည်။

"ဖြစ်မှဖြစ်ရလေ မြင့်နိုင်ဝင်းရယ်၊ အစ်ကို့အပြစ်အတွက် ခံရသတဲ့ အားကွာ. . ."

ကောင်းကောင်း၏ကြေကွဲမျက်ရည်စက်များ မြင့်နိုင်ဝင်း၏ ရင်အုံထက်သို့ တတောက်တောက် ကြွေဆင်းကျနေသည်။

ထို့နောက်မှာတော့ တင်းတင်းကျစ်ကျစ် လက်သီးနှစ်ဖက်ကို ချေလျှော့ကာ လက်အုပ်ချီမိုးလိုက်၏။

မျက်ဝန်းအစုံမှိတ်ချလျက် နှုတ်ဖျားမှ သစ္စာစကားတွေ တစ်လုံးချင်း ပီသကြည်မြစွာ ထွက်ပေါ်လာတော့သည်။

"မကောင်းမှုဟူသမျှကို ဆိတ်ကွယ်ရာအရပ်မှာပင် ပြုလုပ်တော်မမူသော အရဟံဂုဏ်တော်. . . မလိမ်မာ၊ မယဉ်ကျေးသူတို့၏ ဆုံးမရာ၌ အတုမရှိသော အနုတ္တရောပုရိသဓမ္မသာရထိ ဂုဏ်တော်



www.burmeseclassic.com

www.burmeseclassic.com



... ဘုန်းတော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော ဘဂဝါဂုဏ်တော်တို့နှင့် ပြည့်စုံသော မြတ်စွာဘုရားရှင်ကိုယ်တော် မြတ်ကြီးအား ဘုရားတပည့်တော် တောင်းကောင်း ရှိသေမြတ်နိုးညွတ်ကျိုး၍ ရှိခိုးဦးတင်ကန်တော့ပါ၏ဘုရား"

ဥပပါတ်ပုဂ္ဂိုလ်များဖြစ်ကြသော သမ္မာဒေသနတ်မြတ်နတ်ကောင်း၊ ဗြဟ္မမင်းအပေါင်းတို့အား သက်သေတိုင်တည်ပါသည်။ ကျွန်ုပ်သည် သိတတ်စ အရွယ်မှအစပြု၍ ယနေ့တိုင်အောင် ဘုရားတရား၊ သံဃာရတနာသုံးပါးအား အကြွင်းမဲ့သက်ဝင်ယုံကြည်အားကိုးသူဖြစ်ပါသည်။

သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ သူ့မယားဖောက်ပြားကျူးလွန်ခြင်း၊ မလျော်ကန်သောအသက်မွေးခြင်းတို့ကို အထူးရှောင်ကြဉ်ခဲ့သူဖြစ်ပါသည်။

မိစ္ဆာဒိဋ္ဌိ(၁၀)ပါးဖြစ်သည့်

၁။ အလှူ၏အကျိုးသည်မရှိ။

၂။ ကြီးစွာသောပူဇော်မှု အလှူဒါန၏အကျိုးသည်မရှိ။

၃။ သေးငယ်သောပူဇော်မှု အလှူဒါန၏အကျိုးသည်မရှိ။

၄။ ကုသိုလ်ကံ၊ အကုသိုလ်ကံ၏အကျိုးသည်မရှိ။

၅။ ပစ္စုပ္ပန်လောကလည်းမရှိ။

၆။ တမလွန်လောကလည်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com



၇။ အမိဟူ၍လည်းမရှိ။

၈။ အဖဟူ၍မရှိ။

၉။ နတ်ပြဟ္မာမရှိ။

၁၀။ ပစ္စုပ္ပန်၊ သံသရာနှစ်ဖြာလောက ကောင်းစွာညီညွတ် ကျင့်ကုန်သော ရဟန်း၊ ပုဏ္ဏားမျိုးလည်းလောက၌မရှိ။

ဟု ခံယူသော ဒသဝတ္ထုကမိစ္ဆာဒိဋ္ဌိအယူကြီးဆယ်မျိုးမှ ကင်းလွတ်သူ ဖြစ်ပါသည်။

ဤစကားတို့သည် မှန်ကန်ပါ၏။

မှန်သောစကားသည် သစ္စာဖြစ်၏။

ဤမှန်သောသစ္စာစကားကြောင့် မြင့်နိုင်ဝင်းသည် အသက် အန္တရာယ်မှ ကင်းလွတ်ရှင်သန်ရပါလို၏။

မြင့်ဝင်းနိုင်ကျန်းမာ၊ ချမ်းသာတာကို ချက်ချင်းမုချ မြင်တွေ့ ရပါလို၏။

တည်ငြိမ်အေးမြသော ကိုကောင်းကောင်း၏အသံသည် အာကာသခရီးရှည်ကို ဖြတ်သန်းနေသော ဥက္ကာပျံတစ်ခုလို ကင်းလက်စွာငြိမ့်ညောင်း နေသည်။

ကိုကျော်ဆောင်အပါအဝင် လူအားလုံး ကောင်းကောင်း၏ အပြုအမူဆန်းဆန်းကြောင့် နားလည်ရခက်စွာ ဝေဝါးလျက် ရှိနေကြ၏။

ကောင်းကောင်းကတော့ သစ္စာစကားကို အကြိမ်ကြိမ်အခါခါ



www.burmeseclassic.com

www.burmeseclassic.com


ရွှတ်ဆိုလို့ကောင်းနေဆဲပင်. . .

ထိုစဉ်. . .

အိမ်ခေါင်မိုးဆီမှ အိမ်မြှောင်စုတ်ထိုးသံများနှင့်အတူ. . .

"အိး. . ."

"အင်း. . ."

နှမ်းဖတ်ဖတ်ညည်းတွားသံတစ်သံ အိမ်ကိုပတ်၍ ပြေးနေ၏။ တစ်ပတ်၊ နှစ်ပတ်၊ သုံးပတ်မြန်သထက် တိုး၍တိုး၍ မြန်လာ၏။

ထိုစဉ် နှစ်ရက်တိတိပြတ်နေသော လျှပ်စစ်မီးသည် ဖျတ်ခနဲ လင်းထိန် သွား၏။

အိမ်ရှေ့မှာ အင်ဂျင်သံဆူဆူနဲ့ ဂျစ်ကားတစ်စီး ဝုန်းခနဲ ရပ်လိုက် သည်။

ကောင်းကောင်းကတော့ ရွှတ်မြဲတိုင်း ရွှတ်နေသေးသည်။

ကိုကျော်ဆောင်နှင့်အောင်မြင့် ကားသံကြား၍ လည်ပြန်ကြည့် လိုက်မိသည်။

မီးခိုးငွေ့မည်းမည်းများ တွန့်တွန့်ခေါက်ခေါက်နဲ့ ရိပ်ခနဲဆိုသလို အိမ်ထဲသို့ မျောလွင့်လာ၏။ မြင့်ဝင်းနိုင် ရင်ဘတ်ဘေး ဝေ့ဝဲနေရာမှ ပျောက်ကွယ်သွားတော့သည်။

"ဆရာဝန်ပင့်လာတယ်ဟေ့၊ ကောင်းကောင်းရေ. . . Death Certificate အတွက်လေ. . ."

ဘယ်အချိန်က အိမ်မှထွက်သွားမှန်းမသိသော လျှန်ပီးနှင့်အတူ


www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာတိုးဝင်း အိမ်ပေါ် တက်လာ၏။

မြင့်ဝင်းနိုင်၏ခန္ဓာကိုယ်ပေါ် ဒေါက်တာတိုးဝင်း၏ လက်နှင့် နားကြပ် ခပ်ရွရွလှုပ်ရှားနေ၏။

မျက်လုံးနှစ်ဖက်လှန်ကာ ဓာတ်မီးနဲ့ထိုးကြည့်သည်။ သူငယ် အိမ်ကို ကြည့်၍ ဦးနှောက်အလုပ် လုပ်၊ မလုပ် စစ်၏။

အကြိမ်ကြိမ်

နောက်တော့. . .

ဒေါက်တာတိုးဝင်း၏ လက်တွေအမြန်ဆုံး လှုပ်ရှားသွားလေ၏

"ဟာ. . . ဟော့လူတွေ၊ ဒီကလေး မသေသေးဘူးဗျ. . ."

"ဗျာ"

"ဟုတ်တယ်၊ သတိလစ်နေတာ၊ ရှော့ခ်ရပြီး သတိလစ်နေတာ သုတ်ကြ ပါဗျ၊ Mouth to Mouth Respiration လုပ်ပေးပါ"

ခိုင်းလည်းခိုင်း၏။ ကိုယ်တိုင်ကလည်း မြင့်ဝင်းနိုင်၏နှလုံးပြန်ခုန် သာအောင် နှလုံးနှိုးပေးလို့နေသည်။

"အင်း. . ."

"အင်း. . ."

"ရေ. . . ရေပေးပါ"

"အ. . . အား"

"မော မောတယ်. . ."

"ဟော သတိရလာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သတိရလာပြီဟေ့. . ."

"အဲဒါမှ ငါ့ဆရာကောင်းကောင်းကွ၊ ငါ့ဆရာသစ္စာဟာ အဲလိုထက်မြက်တာဟေ့. . ."

ကိုကျော်ဆောင်တစ်ယောက် လက်သီးလက်မောင်းတန်းကာ ကောင်းကောင်းကို ပွေ့ဖက်မြှောက်ချီနေတော့သည်။

အားလုံးပျော်ကြ၏။

ဒေါက်တာတိုးဝင်းလိုအပ်သည့် Treatment တွေလုပ်ပြီး သွားသောအခါ. . .

မြင့်ဝင်းနိုင်သည် ဦးအကြိမ်ကြိမ်ချကာ ကောင်းကောင်းအား တန်တော့နေသည်မှာ မဆုံးနိုင်တော့ပေ။

ပီတိမျက်ရည်တွေ အိုင်ထွန်းနေသော ကောင်းကောင်း မျက်နှာမှာ အပြုံးတွေ လင်းထိန်မွှေးပျံ့လို့နေ၏။

"ဆရာပေးတဲ့အသက်အတွက် ဆရာ့ကို တစ်သက်လုံးအလုပ် အကျွေး ပြုပါရစေ. . ."

လှိုက်လှိုက်လှဲလှဲ ရင်တွင်းစကားသည် ကြားသမျှ လူအပေါင်း၏ ရင်ကို ဆွတ်ပျံ့စေပါသည်။

"ဝမ်းသာပါတယ် မြင့်ဝင်းနိုင်ရယ်. . . မင်းအခုလို သေရွာက ပြန်လာနိုင်တာ အစ်ကို့ကျေးဇူးမဟုတ်ပါဘူး. . . ရတနာသုံးပါးရဲ့ ကျေးဇူးပါကွာ၊ မင်းအစ်ကို့ကို ကျေးဇူးတင်တယ်ဆိုရင် အစ်ကို့ကို အလုပ်အကျွေးမပြုပါနဲ့. . . ယနေ့မှအစ တစ်သက်တာပတ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ဘုရား၊ တရား၊ သံဃာကို အကြွင်းမရှိ ယုံကြည်သက်ဝင်ပါသီး အစ်ကိုတောင်းဆိုချင်ပါတယ်"

"စိတ်ချပါဆရာ. . . ဖြစ်စေရပါ့မယ်"

"ဟင်"

လေးလေးနက်နက်တတိပေးနေသည့် မြင့်ဝင်းနိုင်ကို လက်ညှိုး ထိုးကာ တွင်းဆရာကိုကျော်ဆောင် အလန့်တကြားထအော်ပါသည်။

"ဘာဖြစ်လို့လဲ ကိုကျော်ဆောင်"

"ဒီ ဒီကောင့်နဖူး နဖူးပေါ်က မျက်လုံးပုံကြီးပျောက်ပျောက် သွားပြီ"

လူအားလုံးအံ့သြသွားကြ၏။

လက်တွေ့ မျက်တွေ့အဖြစ်အပျက်များသည် ဒဏ္ဍာရီထက် များစွာ ထူးဆန်းလို့နေခဲ့ပြီ။

♣♣♣



www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း (၅)

မြင်သာထင်သာလရောင်ရိပ်မှာ မမြင်သာသောလေပြေတစ်ချက်သည် မြင်လွယ်ထင်ရှားမိုးဦးနှင်းပန်း၏ ချိုအီအီရနံ့သင်းသင်းကို သယ်ဆောင်ကာ သူ့မျက်နှာထက်သို့ မမြင်မစမ်းတိုးဝင်နေ၏။

ရံဖန်ရံခါ နှမ်းပန်းစိုက်ကွင်းအလွန်ရှိ ယူကလစ်တောဆီမှ မီးရောင်လက်လက်များကို လှမ်းမြင်ရသေးသည်။

ဒီနေရာ ဒီဒေသသို့ မရောက်ဖြစ်သည်မှာ ဆယ်နှစ်တာကြာခဲ့သမယ့် . . . မှတ်မိလျက်ရှိဆဲသာ. . .

နှမ်းခင်းကျယ်တန်တလျားနှင့် ယူကလစ်တော၏အကြားမှာ အာဝရုံကြည်စိမ်းစွာ စီးဆင်းနေသော စမ်းချောင်းငယ်ကိုလည်း မှတ်မိ၏။

စမ်းချောင်းအစပ်မှာ အတူမခွဲမြဲခဲ့ဖူးသော ကိုယ်သင်းနံ့အေးအေးလေးကိုလည်း မှတ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



လောကစံကို အစိုးရိမ်ကြီးခဲ့သူ၊ ချစ်သူနဲ့ဘဝတူရှုန်းရဲဖို့ တွန့်ဆုတ်ခဲ့သူ. . . အရာခပ်သိမ်းကို ထိတ်လန့်စိတ်ဉီးစီးခဲ့သော ချစ်သူငြိမ်းအား သာသာထွေးထွေး နှစ်သိမ့်ခဲ့ရသည်များကိုလည်း မှတ်မိ၏။

"သြော်. . . ငြိမ်းရယ်. . . ဘဝတွေခြားခဲ့ပေမယ့် ဒဏ်ရာတွေ တတော့ ထွန့်ထွန့်လူးနာကျင်နက်ရှိုင်းဆဲပါကွာ. . ."

သို့သော်. . . ကြာခဲ့ပြီ။

သူသည် စိတ်အကြွေတွေကောက်သော နောင်တလူသား မဟုတ်ပါ။

အခုလို ဒီအရပ်သို့ ရောက်လာသည်မှာလည်း ကိုယ်ကျိုးဆန္ဒ ကိုယ့်ကိစ္စကြောင့်မဟုတ်ပါ။ ပရလောကသားမသင်းမေ၏ စွဲလန်းမှု ကြောင့် သေဘေးနီးနေပြီဖြစ်သော မိခင်အိုကြီးနှင့်သမီးငယ်အား ကယ်တင်လိုစိတ်ကြောင့် ဖြစ်၏။

လောကတွင် ခန့်မှန်းတွက်ဆ၍မရနိုင်သော ဆက်နွယ်မှုတွေ ရှိသည်။ ပဋ္ဌာန်းဆက်ပါ၍ဖြစ်မည်။

မသင်းမေ ငါးပိ၊ ငါးခြောက်ရောင်းချသောရွာမှာ သူရေနံတူးဖို့ ရောက်ခဲ့သည်။

မသင်းမေ၏ချစ်သူထျန်ပီးသည် သူ့သူငယ်ချင်းလှုံပီး၏ညီအရင်း ဖြစ်သည်။

ကောင်းကောင်း၏ချစ်သူငြိမ်းနှင့် မသင်းမေတို့သည် တစ်ရွာ



www.burmeseclassic.com

www.burmeseclassic.com



တည်းသားတွေ ဖြစ်သည်။

မသင်းမေအချစ်ကြီးချစ်ခဲ့သော ထျန်ပီး၏အသက်ကို တောင်းတောင်း ကယ်ခဲ့သည်။

ထိုမျှမက ကောင်းကောင်းအားနေ့ချင်းညချင်း သူဌေးဖြစ်စေသော ရေနံတွင်း၏အမည်သည်ပင် မသင်းမေဟု ခေါ်တွင်ခဲ့လေသည်။

ဘာပဲဖြစ်ဖြစ်. . . ပေတဘုံသားမသင်းမေနှင့် သူ့အကြားမှာ unseen communication ရှိနေသည်။

မသင်းမေ၏ မိခင်နှင့်ကလေးငယ်ကို သူလိုလေးသေးမရှိအောင်မွေးစောင့်ရှောက်သင့်သည်ဟု ခံယူထား၏။ ပြီးတော့ မသင်းမေအတွက် အလှူအတန်းပြုပြီး ဤဘဝမှကျွတ်လွတ်အောင် ဆောင်ရွက်သည်။

ပေတဘုံသားတွေသည် ကိုယ်တိုင်ကုသိုလ်မပြုနိုင်၊ လူတွေပြုသော ကုသိုလ်၏အဖို့ဘာဂကို သာဓုခေါ်မှသာ ကျွတ်လွတ်ရသည်။

သို့သော် မသင်းမေကိုယ်တိုင် ကျွတ်လွတ်လိုသော ဆန္ဒရှိဖို့တော့ လိုအပ်ပါသည်။

တာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာကြောင့် မစင်ထဲမှာတော့ မစင်ထဲသာပျော်ကြ၏။

လူ့မင်း၊ နတ်မင်း၊ ဗြဟ္မာမင်းစည်းစိမ်ကို တောင်းခြင်းသာ



www.burmeseclassic.com

www.burmeseclassic.com


သူ့စည်းစိမ်နဲ့ မလဲနိုင်သော သာဓက အထင်အရှားရှိခဲ့သည်။

မသင်းမေသည်လည်း ပြိတ္တာဘဝကို တွယ်ဖက်မက်မော မနေဘူးဟု မဆိုနိုင်။

လောဘ၊ ဒေါသ၊ မောဟတည်းဟူသော ကိလေသာတို့သည် အပွါယ်ရောက်ကြောင်းတရားတို့ ဖြစ်၏။

သေအံ့မူးမူးကာလမှာဖြစ်တည်သောစိတ်သည် အလွန်မတန် အရေးကြီးသည်။

ငါ့မြေ၊ ငါ့ယာ၊ ငါ့ဥစ္စာ၊ ငါ့သား၊ ငါ့မယား၊ ငါ့လင်သားရယ်လို့ စွဲလန်းတပ်မက်ခြင်း၊ လောဘစိတ်ဦးစီး၍ သေလွန်လျှင် ပြိတ္တာခေါ် တစ္ဆေ၊ သရဲ ဖြစ်ရသည်။

အလိုမကျခြင်း၊ မုန်းတီးခြင်းခံစားရဆဲဝေဒနာအပေါ်မှာ သည်းမခံနိုင်ခြင်း၊ ဣဿာမစ္ဆရိယတည်းဟူသော ဝန်တိုခြင်း၊ ဒေါသ စိတ်ကြီးစွာသေလွန်လျှင် ငရဲရောက်ရသည်။

ဘုရားဝေး၊ တရားဝေး သတိလက်လွတ် ငှက်တောင်ကျွတ်စိတ်နဲ့ အိုအိုခေါ် ပျော်ရာလိုက် မိန်းမူးမေ့လျော့သော မောဟမျော၍ သေလွန်လျှင် တိရစ္ဆာန်ဘုံသို့ ရောက်ရမည်သာဖြစ်၏။

မည်သို့ဆိုစေ. . . မိခင်အိုကြီးနှင့်သမီးငယ်ကို သမ္မာအာဇီဝ နည်းနဲ့ လုပ်ကိုင်ကျွေးမွေးခဲ့သော မသင်းမေတစ်ယောက် အပွါယ်ဘုံ လွတ်မြောက်သင့်သည်။

အမိ၊ အဖကိုရိုသားကြိုးစားစွာ စောင့်ရှောက်ကျွေးမွေး ကျေးဇူး


www.burmeseclassic.com

www.burmeseclassic.com



သိတတ်သူအား သိကြားမင်းကပင် ကန်တော့ရလေသည်။

မသင်းမေမှာ ထိုကုသိုလ်အတွက် ကောင်းရာသုဂတိလား ပြီပေ၏။

သို့ပေမယ့် တစ္စိစုံတစ်ခုသောစွဲလန်းစိတ်ကြောင့် တစ္ဆေ ဝစ်ကောင် ဖြစ်နေရလေပြီ။

အကြိမ်ကြိမ်ကုသိုလ်ပြုပေးပြီး အခါခါအမျှအတမ်းပေးဖို့ ကောင်းကောင်း သန္နိဋ္ဌာန်ချလိုက်တော့သည်။

လပြည့်ဝန်းသည် စမ်းချောင်းမျက်နှာပြင်ပေါ် ထောင့်မတ်ကျကျ ချိန်ဆင်းနေ၏။

မိုးလေကင်းစင်ကောင်းကင်ပြင်သည် ကြယ်စင်၊ ကြယ်စု၊ ကြယ်တန်းရှည်တို့နှင့် တင့်တယ်လွန်းလှသည်။

ဝမ်းလျားမှောက်လူးလွန့်စီးဆင်းနေသော စမ်းချောင်းငယ်ကို ဖြတ်ကျော်ကာ ဆောက်လုပ်ထားသော သစ်သားတံတားငယ်သည် ထိုးသခင်ကာလများနည်းတူ ခိုင်ခန့်သပ်ယပ်ဆဲပင်. . .

ထိုတံတားခိုင်ခိုင်၏ အလယ်တည့်တည့်ပေါ် သူထိုင်ချလိုက်၏။

လွန်ခဲ့သောဆယ်နှစ်တုန်းကတော့ သူ့နံဘေးမှာ ချစ်သော ပိုင်းတစ်ယောက် ငြိမ်းအေးစွာရှိခဲ့ဖူးသည်။

လရောင်ကြယ်ရောင်တို့နှင့်အပြိုင် အပြုံးတွေလင်းလက်ခဲ့ကြ၏။ စမ်းချောင်း၏လှိုင်းကြက်ခွပ်များနှင့်အတူ ရင်တွေခုန်ဖူးသည်။

အခုတော့ ထိုကြည်နူးခြင်းတွေ စမ်းရေနှင့်မျောပါကွယ်ပျောက်



www.burmeseclassic.com

www.burmeseclassic.com


ခဲ့လေပြီထင်၏။

စမ်းချောင်းတဆုံး ရေဝတီအထိ လိုက်ရှာလို့ရအုံးမှာလား. . .

ရေဝတီအဆုံး ပင်လယ်အထိ လိုက်ရှာလို့ကော တွေ့ရအုံးမှ

မို့လား. . .

ဟင့်အင်း. . .

ရေဆုံးမြေဆုံးလိုက်ရှာလည်း မတွေ့ရတော့သည့် သံသရာခရီး

ချစ်သောငြိမ်း ဝိရိယကောင်းစွာ ထွက်ခွာသွားခဲ့ပြီ။

တွေးမိတိုင်း ရင်မှာဆွတ်ကျဉ်လွမ်းမောရပါသည်။ နှလုံးသား

ဒဏ်ရာတို့ သွေးစိမ်းရှင်ရှင် လတ်ဆတ်ထိရှမြဲ ထိရှလျက်. . .

သို့ဖြစ်၍ ငြိမ်းသေဆုံးခဲ့သည့် ဤရေ၊ ဤမြေ၊ ဤဒေသ

ဘယ်သောအခါမှ ခြေမချဟု မှတ်ပိုက်ထားခဲ့သည်။

သို့သော်. . .

ကိုယ်ကျိုးမဖက်၊ လူသားနှစ်ဦးအသက်ကို ငဲ့ညှာကာကွယ်နိုင်

ကောင်းစေဟူသော ရည်ရွယ်ချက်ကြောင့် ဒီလမ်း၊ ဒီခရီးကို ရောက်

ရလေပြီ။

သေခြင်းစည်းခြားနားမှု၏တစ်ဖက်မှာရှိသော နာနာဘာဝ

သည် နှစ်သက်သူ(ဝါ) မုန်းတီးသူတို့အား ကိုယ်ထင်ပြနိုင်သည့်

ကမ္မဇိသိဒ္ဓိရှိသည် ကို ကောင်းကောင်းယုံကြည်သည်။ (ကမ္မဇ+သိဒ္ဓိ

ထိုသို့ကိုယ်ထင်ပြခြင်းကို တစ္ဆေခြောက်သည်ဟု ခေါ်သည်။

သူတို့ဖန်တီးသော ကမ္မဇရုပ်တို့သည် အဂ္ဂိ(ကိုယ်လက်အင်္ဂါ


www.burmeseclassic.com

www.burmeseclassic.com



ညှိစုံလေ့မရှိ အကယ်၍ပြည့်စုံသည်ဆိုအုံးတော့ ခဏတာမျှသာ ဖြစ်၏။ မကြာခင် ခြေသော်လည်းကောင်း၊ လက်သော်လည်းကောင်း တစ်နေရာတစ်ခြမ်းသော်လည်းကောင်း မပါတော့သည့် မော်လီကျူး ဖွဲ့ခါးခန္ဓာကိုယ်ကြီးအဖြစ် မြင်ရလိမ့်မည်။

ထိုအခါတစ္ဆေအခြောက်ခံရသူ အကြီးအကျယ်ထိတ်လန့် သွားရလေ့ရှိ၏။ အသည်းငယ်သူ၊ လိပ်ပြာသေးသူအဖို့. . . သတိ လစ်ရုံမျှမက. . . အသက်ပါ သေဆုံးရသည်အထိ ဖြစ်ရသည်။

အခြောက်ခံရသူ၏ စိတ်အာရုံဖန်တီးမှုအတိုင်း ခြောက်ခြား unseen communication မမြင်သာသော ဆက်နွယ်မှု ဖြစ်တော့သည်။

ကောင်းကောင်း၏ အတွေးတွေအဆုံးအစမဲ့သော ပျံ့လွင့်ခြင်းထဲ မှာ မျောလို့ကောင်းနေဆဲမှာ. . .

"ရှပ်"

"ရှပ်"

ခြေသံနှင့်အတူ လူရိပ်တစ်ခု သူ့အနီးသို့လှစ်ခနဲ ကျရောက် လာ၏။

ဒီလို ညကြီးမင်းကြီးမှာ သူ့နည်းတူ ခရီးသွားရှိနေပါသေးလား ဟူသော အသိနဲ့ လည်ပြန်ကြည့်မိသည်။

သို့သော် စောစောက ခြေသံရောလူရိပ်ပါ လုံးဝပျောက်ကွယ် သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com


ချက်ချင်း. . .

ဝတ်ချာလည်ရှာကြည့်သည်။ မတွေ့တော့ပါ။

လင်းလင်းချင်းချင်း လရောင်အောက်မှာ လူတစ်ယောက်လုံး

ကွယ်ပျောက်သွားပုံက မယုံချင်စရာ။

တံတား၏ ဟိုဖက်ထိပ်၊ ဒီဖက်ထိပ်ကြည့်သည်။ မရှိ။

စမ်းချောင်းထဲ ခုန်ချသွားခြင်းမဟုတ်ပါဘဲ မြေလျှိုးမိုးပျံသလို

တိုယ်ရောင်ဖျောက်သွားသော လူကိုလိုက်ရှာရင်း. . .

"တစ္ဆေခြောက်ပြီထင်တယ်. . ."

အတွေးနှင့်အတူ ကျောပြင်တလျှောက် အေးစိမ့်တက်လာသည်။

ရင်ခုန်သံတွေတိုး၍ မြန်လာသည်။

မသင်းမေလေလား?

ငြိမ်းလေလား. . . ?

မသင်းမေ သူ့နောက်လိုက်လာပြီဆိုလျှင် သူ့ထံသို့ ဆိုက်ဆိုက်

မြိုက်မြိုက်ရောက်လာပြီမှာ ကျိန်းသေနေလေပြီ။

သူသေရမှာ မကြောက်ပါ။ သို့သော် မသေချင်သေး

မသင်းမေ၏ အမေနှင့်သမီးလေးအတွက် သူပြုစုစောင့်ရှောက်ချင်

သေးသည်။ လောကကြီးထဲ ရုန်းကန်ရှာဖွေဖို့ မစွမ်းမသန်တော့သော

အမေအိုသည်လည်းကောင်း. . .

မစွမ်းမသန်သေးသော ကလေးငယ်သည်လည်းကောင်း. . .

စားဝတ်နေရေးတည်းဟူသော လူ့ဘဝဆောင်တာ (ဆောင်ရွက်

www.burmeseclassic.com



ရန့် မဖြစ်မနေတာဝန်) ကြီးသည် အဆမတန် လေးလံလွန်းလှသည်။

ထို့ကြောင့် သူမသေချင်သေးပါ။ မျက်နှာမွဲတစ်ကောင်ဖြစ်၊ ဉစ္စာမွဲ၊ ပညာမဲ့. . . မသန်မစွမ်းမြေးအဖွားအတွက် သူစိတ်မချနိုင်ပါ။

"ငါသေလို့မဖြစ်သေးဘူး. . ."

တု စိတ်တွင်း၌ အကြိမ်ကြိမ်ရွတ်ဆိုရင်း အိတ်ထောင်ထဲရှိ ဇရိတ်ချည်မန်းကွင်းကိုထုတ်ကာ လည်ပင်းမှာစလွယ်သိုင်းစွပ်လိုက်၏။

သို့သော်. . .

အနှစ်နှစ်အလလ ဆွေးမြေ့နေသော သစ်သားတံတား၏ ချည်ပြားကျိုးသွားသည်နှင့်အတူ ကောင်းကောင်း၏ကိုယ်လေး လေထဲသို့ ဟတ်ခနဲ ထိုးကျသွား၏။

"ဗွမ်း"

"အား"

အေးစက်လွန်းသော စမ်းချောင်းထဲသို့ ပြုတ်ကျသွားလေပြီ။

ထိုသို့ပြုတ်ကျစဉ်မှာ သူ့နားနဲ့ဆတ်ဆတ်ကြားလိုက်ရသည်ကတော့. . .

"အင်း. . ."

"ဒုက္ခ. . ."

"ဒုက္ခ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခ. . ."

"နေချင်လို့မနေရ၊ မသေချင်လည်းသေရတာပါလား. . ."

"ဒုက္ခ. . ."

"ဒုက္ခ. . ."

"ဒုက္ခ. . ."

သူ့မျက်ဝန်းထဲမှာ လျှပ်စီးတန်းဝင်းပြတ်ပြတ်များ ရှုတ်ယှက်ခတ်လွန်းလှ၏။

သူ့ကို နုထွေးသော လက်တစ်ဖက် ဖမ်းဆုပ်လိုက်သည်။

"မရူးပါနဲ့ ကိုရယ်. . ."

သွဲ့နွဲ့သော စကားသံချိုချိုလေး. . .

ဒါ. . .

ဒါ ငြိမ်းရဲ့အသံ. . .

ငြိမ်းတစ်ယောက်တည်းသာ ပြောတတ်သော တိုးသဲ့သွဲ့နွဲ့သော အသံချိုချိုအေးအေး. . .

သူ့ရင်တွေ ဗလောင်းဗလဲ ထခုန်၏။

"ငြိမ်း. . ."

"ငြိမ်း. . ."

"ငြိမ်း. . . ကိုယ့်ကို ကယ်လိုက်တာ ငြိမ်းပေါ့နော်. . ."

"ဟင့်အင်း ကိုကြီး. . ."

"ညီမလေးဟာ ကိုကြီးပြောတဲ့ ငြိမ်းမဟုတ်ပါဘူး. . ."



www.burmeseclassic.com

www.burmeseclassic.com


"ဘာ. . . ဩော်. . . ငြိမ်းကလည်း သိပ်နောက်တာပဲ. . ."

"ကိုလွမ်းတတ်မှန်းသိလို့ ကလိတာလား. . ."

သူတဖွဖွပြောနေချိန်မှာ ငြိမ်းထံမှ လေးပင်ရှည်လျားသော သက်ပြင်းချသံကြီး ထွက်လာ၏။

တစ်နေ့ကျရင် ကိုကြီး အဖြစ်မှန်တွေသိရမှာပါ။

♣♣♣


www.burmeseclassic.com

www.burmeseclassic.com


## အပိုင်း (၆)

"ဒီနေ့ညပြောမှာ တကယ့်ဖြစ်ရပ်မှန် သရဲခြောက်တဲ့ အကြောင်းတို ပြောပြမှာ. . ."

ညဆယ်နာရီကျော်ပြီဆိုသည်နှင့် မသင်းမေထပြန်ရန် ဖြင်လိုက်ဆုံ. . . ကောင်းကောင်းစကားကြောင့် ပြန်ထိုင်လိုက်၏။

မသင်းမေ သရဲသိပ်ကြောက်သည်။ အခုလို မှောင်မှောင်ညည်းမည်းညများဆို ပိုကြောက်သည်။ သို့သော် သရဲအကြောင်းပြောလျှင် နားမထောင်ဘဲ မနေနိုင်ပါ။

ဒီကောင်းကောင်းဆိုတဲ့ကောင်ကလည်း တစ်ညပြီးတစ်ည သရဲအကြောင်း၊ ဖုတ်၊ ကျတ်တစ္ဆေ၊ မှင်စာ၊ ပုဏ္ဏကတိုက်သည့်အကြောင်းများအထိ စုံတကာစေ့အောင် ဇာတ်ကြောင်းမထပ် ပြောနိုင်စွမ်းသည်။

အသည်းတယားယား ကျောတဖြန်းဖြန်း ခေါင်းမွေးတထောင်ထောင်နဲ့ မသင်းမေမှာနားထောင်ရင်း ကြောက်လိုက်ရတာ


www.burmeseclassic.com

www.burmeseclassic.com


အိမ်မပြုန်ရဲ့(တည်းခိုရာ အိမ်) တော့ပေ။

ထိုသို့ အိမ်မပြန်ရဲတိုင်း အားကိုးတကြီးနဲ့ ထျန်ပီးကို လိုက်ပို့ခိုင်းနေကျ။

သို့မို့ကြောင့်လည်း သူမနဲ့ထျန်ပီး ကြိုးချင်းထားကြိုးချင်းငြိ၊ အိုးချင်းထားအိုးချင်းထိကာ ချစ်သူတွေဖြစ်နေကြလေပြီ။

ထျန်ပီးကတော့ သရဲကိုမယုံသလို မကြောက်တတ်။ သူမကတော့ ယုံလည်းယုံ ကြောက်လည်းကြောက်သည်။ သရဲအကြောင်း ပြောလျှင်လည်း နားထောင်လို့မဝ. . .

ဟော. . . ကြည့်အခုပဲ ကောင်းကောင်းက သရဲအကြောင်း စပြောတော့မည်။

"မသင်းမေ ပြန်တော့မလား. . ."

ထျန်ပီးအိမ်ရှေ့ခုံတန်းလျားလေးမှာ အရက်သောက်ရင်း ဂစ်တာတီးနေရာမှ လှမ်းမေးလိုက်၏။

"မပြန်သေးပါဘူး ထျန်ပီး. . . သရဲအကြောင်းပြောတာ နားထောင်မလို့"

"ပြီးရင် လိုက်ပို့ရမယ်နော်. . ."

"ဘယ်မှ ထွက်မသွားနဲ့အုံး. . . ငါမပြန်ရဲဘူး"

"လုပ်ပြန်ပြီ၊ နားထောင်ချင်တာလည်း တုန်လို့၊ ကြောက် လိုက်တာလည်း ချီးချမ်းလို့ဆိုတာ မသင်းမေကိုပြောတာ"

ထျန်ပီးက ခပ်ထေ့ထေ့ရယ်မောပြီး သူ့ဂစ်တာ သူဆက်တီး


www.burmeseclassic.com

www.burmeseclassic.com


နေ၏။

"ဟွန်း. . . ထျန်ပီးပဲ အေးတယ်။ ယုံလည်းမယုံ၊ ကြောက်လည်းမကြောက် အခြောက်လည်းမခံရ"

"မဆိုင်ပါဘူး မသင်းမေရဲ့. . ."

"ယုံယုံ မယုံယုံ၊ ကြောက်ကြောက် မကြောက်ကြောက် အခြောက်ခံချိန်ရောက်ရင်တော့ အခြောက်ခံရတာပဲ။ ဌါဘကြီးပု လည်း ထျန်ပီးလိုပါပဲ။ ထျန်ပီးထက်တောင် အကြောက်အလန့် နည်းသေးတယ်"

"ကဲပါ. . . ကောင်းကောင်းရာ၊ ထျန်ပီးအကြောင်း နောက်ထား လို့ စောစောကပြောတဲ့ ဖြစ်ရပ်မှန်သရဲအကြောင်းအရင်း ပြောစမ်း ပါအုံး. . ."

"စောစောကပြောမယ်ဆိုတာလည်း ဌါဘကြီးပု သရဲအခြောက်ခံ ရတဲ့ကို ပြောမလို့ဘဲ လျှံပီးရ. . ."

"ဩော်. . ."

"ဟုတ်လား. . . ဒါဆိုလည်းပြောပြပါ"

"ဘပုက လူရွှတ်ကြီးကွ၊ သိပ်အရွဲ့တိုက်တာ"

ဟု အစချီကာ ကောင်းကောင်းစပြောတော့သည်။

"တူ. . ."

"ဝိန်. . ."

"ဝိန်. . ."


www.burmeseclassic.com

www.burmeseclassic.com



"ဝိန် . . ."

အသုဘာ ကြေးစည်သံနဲ့အတူ မဲလုံးတစ်ကောင်ဆွဲဆွဲငင်ငင် ထိုးအူလိုက်၏။

"အူ . . ."

"အူ . . ."

"အူ . . ."

အိမ်ရှေ့ကုတင်ကြီးထက်မှာ ထန်းလျက်၊ လက်ဖက်ရည်၊ ရေနွေးကြမ်းအိုးနှင့် နွေနေပူကို အံတုနေသော ဘပုတစ်ယောက် ခေါင်းထောင်သွားသည်။

"သွားပြန်ပြီပေါ့ တစ်ယောက် . . ."

"ဟဲ့ မြစိန် . . ."

"သေတာ ဘယ်သူတဲ့တုန်းဟ . . ."

"ရွာလယ်ချောင်က ဦးစိန်မင်းသမီး ချိုလွင်ဆိုတဲ့ ကောင်မလေး . . . အဆိပ်သောက်ပြီးသေတာ"

"အသားဖြူဖြူ ဆံပင်ကောင်းကောင်းနဲ့ ကလေးမလေးလား"

"ဟုတ်တယ် . . . အဖေ"

"ကွမ်းတောင်ကိုင် အချောအလှလေးပါတော် . . ."

"နှမြောစရာလေးဟာ . . ."

"သူ့အဖေဆို အဖေထက်တောင် ပိုနှမြောအုံးမယ် . . ."

"မြို့ပေါ်က ဆီစက်သူဌေး ဦးအုန်းမြိုင်သား ဖိုးသင်းနဲ့ပေးစား



www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်ကို သိသွားလို့ အဖေ့စကားလည်းမလွန်ဆန်နိုင်၊ ရှင်ဆိုး ဝန်းဆိုး ဖိုးသင်းကိုလည်း မယူနိုင်လို့ အဆိပ်သောက်ပြီး သေကြောင်း ကြံသွားတာတော့. . . သနားလိုက်တာတော်. . .”

“နင်ကလည်း စကားရှုပ်ပ့ါဟာ၊ ဘယ်သူ့ကိုသနားတာတုန်း စိန်မင်းကိုလား၊ အုန်းမြိုင်ကိုလား၊ ဖိုးသင်းကိုလား၊ ကလေးမလေး တို့လား. . . ရှင်းရှင်းပြောစမ်းဟာ”

“ချိုလွင့်ကိုသနားတာပေ့ါ၊ အဖေတလဲ. . . ဟိုလူတွေကိုဖြင့် သနားဖို့နေနေသာသာ မုန်းလွန်းလို့”

“အမလေး. . . သမီးအလိမ္မာတုံးကြီးရဲ့၊ သေလောက်အောင် စိတ်ကြီးရလား သမီးရဲ့. . . ဟီး. . . အီး. . .”

“အမေ့ကိုရော ခေါ်သွားပါသမီးရယ်. . .”

“အီး”

“ဟီး”

“ဟီး”

ဦးစိန်မင်း၏ဇနီး ဒေါ်ခင်မြင့် ရင်ဘတ်စည်တီးငိုကြီးချက်မ တစ်ငို ငိုကြောင့် မျက်ရည်မခိုင်သော မမြစိန် တရှုံ့ရှုံ့နဲ့ ထငိုတော့သည်။

“ရှုပ်ပါ့ မြစိန်ရာ”

“အလကားအပိုတွေ လျှောက်ပြောတာပါ။ အဟုတ်သေချင်မှ မနေဘူး။ အဆိပ်သောက်ရင်သေလို့ရတာ သူကိုယ်တိုင်လည်းမြင် ဖူးတာတွေ့ပဲ”



www.burmeseclassic.com

www.burmeseclassic.com



ရှုခနဲ ဆေးပြင်းလိပ်ကို ရှိုက်၏။ ဖူးခနဲ မီးခိုးငွေ့တွေ ထုတ်သည်။ တပွတ်ပွတ်နဲ့ ရေနွေးကြမ်းကို အရသာခံ၍ သောက်၏။ မမြစိန်ကတော့ နှပ်သံနှော၍ ငိုလို့ကောင်းနေတော့လည်း အသုဘ ပို့သည့် လူတန်းရှည်ကြီးဆုံးသည်အထိ ငိုလို့ကောင်းနေဆဲပင်။

"တိတ်စမ်းမာ. . ."

"ငိုချင်ရင် သင်္ချိုင်းကုန်းလိုက်သွား. . . မီသေးတယ်"

သမီးဖြစ်သူကို လှည့်မာန်လိုက်စဉ် မျောက်လောင်းနှစ်ကောင် ဖြစ်သော မြေးနှစ်ယောက် (ပေသီးနှင့်စိန်ဝ)တို့ အသုဘချတာ လိုက်ကြည့်ပြီး ပြန်ပြေးလာသည်ထင်၏။ ငိုသံတွေ စီခနဲ ကြားရသည်။

"အား. . ."

"ကြောက်ပါပြီဗျ. . ."

"အီး. . . အဘိုးရွှေ အမေရေ"

"အီး. . . ကြောက်တယ်"

"ကြောက်တယ်"

အငယ်ကောင်စိန်ဝ အာပြဲလျှာပြဲ အော်ဟစ်ကာ ပြေးလာ၏။ စိန်ဝနောက်မှာတော့. . .

"ဝူး"

"အီး. . ."

"ဟီး. . ."

"ဟီး. . ."



www.burmeseclassic.com

www.burmeseclassic.com



"အူး"

အသံမျိုးစုံနဲ့ လူရိုးခေါင်းကို ဦးခေါင်းမှာစွပ်ပြီး လိုက်လာသူ ပေသီးကို တွေ့လိုက်ရတော့သည်။

"ကြောက်တယ်. . ."

"ကြောက်တယ်"

"လာခဲ့စမ်း စိန်ဝ. . . နင့်ကို ငါဝါးစားမယ်။ ဂွမ်းဂွမ်း ဂွမ်းဂွမ်းနဲ့ ဝါးစားမယ်။ ငါ့နာမည် ချိုလွင်တဲ့နော်၊ ဘာမှတ်သလဲ. . ."

"ဝူး"

"ဟီး. . ."

"ဟီး. . ."

"ဟီး"

သချိုင်းကုန်းမှအပြန် လူရိုးခေါင်းတစ်လုံးကောက်ယူပြီး ညီဖြစ်သူ စိန်ဝ ကို ခြောက်လှန့်သောပေသီး၏ လက်များက တလှုပ်လှုပ် အရမ်းရမ်းနဲ့ စိန်ဝ၏ကျောကို ကုတ်ဆွဲလိုက်၏။

"အား. . ."

"သေပါပြီဗျ"

"အဘိုးရေ. . ."

"ကျုပ်ကို ကယ်ပါအုံး"

ကုတင်ကို ပတ်ပြေးနေရာမှ ကုတင်ပေါ် တင်ပလ္လင်ခွေထိုင် နေသော အဘိုးဖြစ်သူ ဦးဘပုရင်ခွင်ထဲ ခုန်ပေါက်ဝင်တိုး



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်တွင်. . .

"ဂျွတ်"

"ဂျွမ်း. . ."

"ဟဲ့ သောက်ခွေး. . ."

"အား ပူလိုက်တာဗျာ"

"ဒီမျောက်သားတွေတော့ သေပြီသာမှတ်. . ငါ့အကြောင်း သိရသေးတာပေါ့"

တုတင်ကြမ်းခင်းကျိုးပြီး ရေနွေးပူလောင်သဖြင့် ဦးဘပု တစ်ယောက် ဒေါသတွေ ယယ်ထိပ်တက်နေပေမယ့် မြေးနှစ်ယောက်ကို ရိုက်ခွင့်မကြုံလိုက်ပါ။

မျောက်လောင်းနှစ်ကောင် တစ်ယောက်လက်တစ်ယောက် တွဲကာ သားပိုက်ကောင်များအလား ရွာလယ်လမ်းမအတိုင်း ခုန်ပေါက် ပြေးလွှားသွားကြသည်။

ဦးဘပုမှာသာ ရင်ခွင်ထဲရှိပေသီးပစ်ထားခဲ့သော အရိုး ခေါင်းကြီးကိုဖက်ကာ ဒေါသတွေတလိပ်လိပ်တက်ရင်း ကျန်ခဲ့သည်။

ထိုညက မိုးစုန်းစုန်းချုပ်သည်အထိ ပြန်မလာသော သား နှစ်ယောက်အတွက် မမြစိန် စိတ်ပူစွာမျှော်နေမိ၏။

အဖေဖြစ်တဲ့ဦးဘပုကတော့ သူ့ကုတင်ကြမ်းကျိုးတစ်ခုအကြောင်း အတွက် ဖြစ်တောက်ဖြစ်တောက် မြည်တွန်လို့မဆုံး. . .

"အမေရေ. . ."



www.burmeseclassic.com

www.burmeseclassic.com



"အမေ. . ."

"သရဲဗျို့. . ."

"သရဲ"

ပေသီးနှင့်စိန်ဝ ငယ်သံပါအောင် အော်လိုက်သံကြောင့် တစ်ရပ်ကွက်လုံး အလန့်တကြားထကြည့်ကြ၏။

"ဟော. . ."

"လုပ်ပြန်ပြီ"

"နင့်သားနှစ်ကောင် မျက်နှာရှုံ့ကြပြန်ပြီ. . . တွေ့မယ်၊ လာစမ်းလေ့စေ"

ကုတင်တိုင်မှာ ထောင်ထားသောကြိမ်တံဖျာ တဆဆနဲ့ ဦးဘပုဆိုင်စောင့်နေစဉ်. . .

"အဘိုးရေ. . ."

"ကယ်ပါအုံး"

"သားတို့နောက်ကို သရဲမကြီးလိုက်လာပြီ. . ."

"အဘိုး. . . သရဲမကြီးမချိုလွင် ဆံပင်ဖားလျားကြီးနဲ့ ရွာထဲဝင်လာပြီ"

အကြောက်အလန့်ကင်းသည့် ညီအစ်ကိုနှစ်ယောက် ကြောက်အားကြီးစွာ အော်လိုက်သံက ရွာပျက်မတတ် ဆူညံပွက်နေသည်။

လမ်းမဖက်ဆီ လက်ညှိုးထိုးပြကာ အဘိုးဖြစ်သူ၏ ရင်ခွင်ထဲသို့တိုးဝင်လိုက်သည်တွင် မြေးအဘိုးသုံးယောက်သား လုံးထွေးလျက်



www.burmeseclassic.com

www.burmeseclassic.com



တစ်အင်ပေါ် လဲ ကျသွားကြသည်။

"အမလေး. . ."

"သရဲ. ."

"သရဲ"

"ချို့လွင်. . ."

"ချို့လွင် ဆံပင်ဖားလျားကြီးနဲ့ ရပ်ကြည့်နေပြီတော့"

"အူ. . ."

"အူး"

"အူ. . ."

"အူ. . . အူး"

"ဟော ရွာထဲဝင်သွားပြီဟေ့. . . ချို့လွင်ရွာထဲဝင်သွားပြီ"

"အူး"

"အူး"

မမြစိန်၏အော်သံ၊ ခွေးတွေအသည်းခိုက်မျှအူသံ၊ ခြေရင်း ခေါင်းရင်းအိမ်များမှ မိန်းမများအော်သံတွေ တစ်ရပ်ကွက်လုံး ဆူညံ သွားတော့သည်။

"အမလေး. . ."

"သရဲ. ."

"သရဲချို့လွင် ဆံပင်ဖားလျားချကြီးနဲ့ ကျုပ်တို့အိမ်ကိုသေချာ ကြည့်ပြီး ရွာထဲဝင်သွားပြီ အဖေ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကြောက်စရာကြီးတော်. . . အစိမ်းသေတာ ဘယ်လိုလူမျိုး ရှုတ်မှာတုန်း . . . နော် အဖေ"

"တော်စမ်း. . . မြစိန်. . ."

"နင် ရှူးနေလား. . ."

"ကလေးတွေခြောက်တိုင်း လိုက်ကြောက်နေရတယ်လို့"

"ငါ ထရိုက်လိုက်ရဟာ. . ."

ဦးဘပုကတော့ မြေးနှစ်ယောက်နှင့် လုံးထွေးနေသည်မို့ ဘာမျှမမြင်လိုက်ရပါ။

"ဟီး. . ."

"သရဲမကြီး"

"ဟီး. . ."

"အီး. . ."

"ကြောက်တယ်"

ကလေးနှစ်ယောက် ပြုံပြုံစင်အောင် ငိုနေသည်မှာ မတိတ်တော့ပေ။ အဘိုး၏ကြိမ်လုံးကိုလည်း မကြောက်တော့ပါ။

"နားတွေဆူတာဟာ. . . တိတ်ကြစမ်း"

ကြိမ်လုံးနဲ့ခြောက်လည်းမကြောက်၊ ချော့ပြောလို့လည်း မရ ငိုကြော ရှည်နေကြ၏။

"တိတ်ကြစမ်းဆို. . ."

"ဘာလို့ ဒီလောက်ငိုနေကြတာတုန်း"



www.burmeseclassic.com

www.burmeseclassic.com



"သရဲကြောက်လို့ပေါ့ ဟီး. . ."

"အောင်မာဗျာ. . . အရိုးခေါင်းကြီး သချိုင်းကုန်းက သယ်လာ တုန်းကတောင် မကြောက်တဲ့ကောင်က ရွာထဲနေမှ ကြောက်သေး လား"

"သချိုင်းကုန်းက ကြောက်စရာမှမကောင်းတာ. . . သရဲအ အခုရွာထဲ ရောက်နေပြီ အဘိုးရ. . . ဟီး. . ."

"အေး. . ."

"အေး. . . ပြီးရောလေ"

"ရွာထဲနေရတာ ကြောက်တဲ့နှစ်ကောင်၊ လာကြ လာကြ အဘိုးနဲ့ အတူ လိုက်ခဲ့ကြ"

"အဖေ ဘယ်သွားမလို့တုန်း. . ."

"မသွားပါနဲ့တော်. . ."

"ကျုပ်တစ်ယောက်တည်း မနေရဲဘူး. . ."

"ဟော မနေရဲဘူးဟုတ်လား. . ."

"လာ. . ."

"လာ နင်ရောလိုက်ခဲ့"

ကလေးနှစ်ယောက်ကို ဘယ်ညာတစ်ဖက်စီပွေ့ကာ ဦးဘပု ခြံဝင်းအပြင်သို့ ထွက်သွား၏။ ခါးမှာလည်း နွားချည်ကြိုးတစ်ချောင်း ခေါက်၍ ထိုးထားသည်။

"အဖေ ဘယ်သွားမလို့တုန်း. . . ကျုပ်တို့ရွာပြင်ရောက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သချိုင်းကုန်းသွားမလို့ဟော့. . ."

"နင့်သားတွေက အိမ်မှာနေတာကြောက်တယ်။ သချိုင်းကုန်းမှာ နေတာ မကြောက်ဘူး. . . ဒီတော့ ဒီနှစ်ကောင်ကို ဒီနေ့ည သချိုင်းကုန်းမှာ သွားပြီး သိပ်ထားမယ်"

"မလုပ်ပါနဲ့ အဖေရယ်. . . ကလေးတွေ လိပ်ပြာလွင့်ပြီး သေကုန်ပါ့မယ်"

"သေလည်းကောင်းတာပေါ့ဟာ။ နားလည်းအေး၊ အသုဘချပြီးသား လည်း ဖြစ်တာပေါ့"

သချိုင်းမြေသည် လကွေးကွေးလရိပ်အောက်ဝယ် တိတ်ဆိတ်မှုကြီးစွာ လွှမ်းခြုံထားသည်။

"ဟီး. . ."

"အိမ်ပြန်ပို့. . ."

"အိမ်ပြန်ပို့"

ကလေးနှစ်ယောက် တစ်စခန်းထကာ တစ်ချီတစ်လား အော်ငိုသံက အုတ်ဂူဖွေးဖွေး မြေပုံမို့မို့တွေကြားထဲ ပြေးဝင်သွား၏။

"အိမ်ပြန်ကြပါစို့ အဖေရယ်. . . မလုပ်ကောင်းပါဘူး"

"တိတ်ကြစမ်း. . ."

"တိတ်ဆို တိတ်ကြစမ်း"

အဖေ့ကိုလည်းကြောက်၊ သားနှစ်ယောက်ကိုလည်းသနား၊ သချိုင်းကုန်း၏ အုတ်ဂူဖွေးဖွေးမှတ်တိုင် ထိုးထိုးထောင်ထောင်တွေကို



www.burmeseclassic.com

www.burmeseclassic.com



မြင်တော့ သွေးပျက်မတတ်ကြောက်ကာ နေစရာနေရာမရှိတော့ပေ။

ဦးဘပုကတော့ စိတ်အေးလက်အေးပင်။ မြေးနှစ်ယောက်အား သရက်ပုံတင်သည့် ဇရပ်ကြီးပေါ်တင်ကာ ခါးမှာထိုးထားသည့် နွားချည်ကြိုးဖြုတ်လိုက်၏။

ပြီးတော့ ဇရပ်ကြီး၏တိုင်မှာ ကလေးနှစ်ယောက်ကိုပူးပြီး ကြိုးနှင့် ပယ်ပယ်နယ်နယ်ချည်နေသည်။

"အမလေး. . ."

"ရက်စက်လိုက်တာ အဖေရယ်"

"ကျုပ်သားတွေ အသေသတ်နေတာလားတော်. . ."

"ဟဲ့. . ."

"တော်တော်ဆူတဲ့ကောင်မလေး. . . ရှုပ်ပါတယ် လာ. . . နင့်သားနှစ်ယောက်နဲ့ အတူတူနေခဲ့ပေတော့"

ပြောပြောဆိုဆို သမီးဖြစ်သူကိုပါ လက်ပြန်တုတ်၍ ချည်လိုက်၏။

မမြစိန် ရှုက်ကြီးတငင်ငို၏။ ပေသီးနှင့်စိန်ဝတို့ အသံဝင်အောင် အထိ ငို၏။

ဦးဘပုကတော့ ဆေးပြင်းလိပ်ခဲကာ ဇရပ်ကြီးပေါ် ဆောင့်ကြောင့်ကြီး ထိုင်နေသည်။

ခဏကြာတော့ ဖုတ်ဖက်ခါကာ ဇရပ်ကြီးကြမ်းပြင်ပေါ် ပက်လက်လှန် လှဲအိပ်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ငိုမနေကြနဲ့ အိပ်ကြတော့ . ."

"နားတွေကို အူထူနေပြီ . . ."

"တော်တော်မနိုင်တဲ့မျောက်တွေ . . . မင်းတို့နှိပ်စက်လို့ ငါ့ကုတင်ကြမ်းခင်းကျိုးပြီ။ မနက်ဖြန်တော့ အသစ်လဲတပ်ရအုံးမယ် . . ."

"တောက် . . ."

"အလကားနေရင်း ငွေကုန်ပေါက်ရှာတဲ့ မျောက်တွေ"

ဦးဘပုကတော့ သူ့ကုတင်ကြမ်းခင်းကျိုးသည့်ကိစ္စကိုသာ အဓိကထား ပြောဆိုညည်းတွားနေ၏။ သမီးနှင့်မြေးတွေအတွက် ခေါင်းထဲမှာ အထွေအထူးစဉ်းစားပုံ မပေါ်ပါချေ။

"ဟာ . . ."

"ဟုတ်ပြီ"

ဝုန်းခနဲ ထခုန်လိုက်တော့ သမီးနှင့်မြေးတွေလန့်ကာ အငိုတိတ်သွား၏။

ဦးဘပုဇရပ်ပေါ်မှ ခုန်ဆင်း၏။ ပြီးတော့ သချိုင်းအုတ်ဂူတွေကြားထဲ တရွေ့ရွေ့လျှောက်သွားသည်။

မြေစာခဲ ခပ်ပွပွဖုံးထားသော လတ်လတ်ဆတ်ဆတ်မြေပုံမှ မြေစာများကို လက်ဖြင့်ယက်ထုတ်လိုက်၏။ ပါးစပ်မှလည်း . .

"ချိုလွင်ရေ နင်ကသေပြီ၊ နင့်အတွက်ဘာမှအသုံးမလိုတော့ဘူး . . . ငါကရှင်နေသေးတော့လိုတယ်ဟ . . . နင့်အခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



မြေကြီးထဲမှာ နေလို့အဆင်ပြေပေမယ့် ငါတကြမ်းခင်းမရှိဘဲ အိပ်လို့ မတော်တယ်ဘူးဟ။ သစ်ဈေး၊ ဖျဉ်ဈေးကလည်း ကြီးပါဘိနဲ့၊ ကျွန်းသား အသစ်စက်စက်တွေ မြေဩဇာအဖြစ်ခံရမယ့်အတူတူ ငါ့ကုတင် ကြမ်းခင်းလုပ်တာကမှ နင်ကုသိုလ်ရအုံးမယ်"

ပါးစပ်မှ မနားတမ်းပြောသလို လက်ကလည်း မြေစာတွေ အဆက်မပြတ် ယက်ထုတ်၏။

"အဖေ. . . မလုပ်ပါနဲ့. . . "

"မကောင်းပါဘူး. . ."

"အမလေး အဖေရယ်. . ."

"အဖေ့ကုတင်ကြမ်းခင်းဖို့ ကျုပ်ဝယ်ပေးပါ့မယ်တော်. . ."

ဇရပ်ပေါ်မှာ မမြစိန်အော်ဟစ်တားသံကို ဦးဘပုဂရုမစိုက်၊ သူ့အလုပ်ကို လုပ်မြဲတိုင်းသာလုပ်လျက်ရှိသည်။

ခဏကြာသော်. . .

"ရပြီဟေ့. . ."

"အစစ်ပါဗျာ. . . ကျွန်းရွှေဝါကို စပ်ထားတဲ့အခေါင်း အကောင်းစားကြီးဗျာ. . ."

"အေးပေါ့လေ. . . စိန်မင်းဆိုတဲ့ကောင်ကလည်း ရွာထဲမှာ ကြေးရတတ် လူချမ်းသာကိုး၊ ဒီလောက်တော့ရှိမှာပေါ့"

တိမ်ဖုံးသော လရိပ်ကွက်တိကွက်ကျားက ချိုလွှင်၏ အခေါင်း လေးပေါ် ထိုးကျနေ၏။



www.burmeseclassic.com

www.burmeseclassic.com


အခေါင်းအဖုံးကို ဆွဲခွာလိုက်စဉ်. . .

"ထွီ. . . ဟာ. . . အခုထိ အင်ဒရင်းနံ့တွေ နံတုန်းတော့"

"မိုက်လိုက်တဲ့ကလေးမကွာ. . . ဘယ်လောက်များသောက်ထားထယ် မသိဘူး။ အဖုံးတစ်ချပ်ဆို ကြမ်းခင်းဖို့ လောက်ကောင်းပါရဲ့"

"ကဲပါလေ. . . မထူးပါဘူး. . . တစ်တက်စားလည်း ကြက်သွန်နှစ်တက် စားလည်းကြက်သွန်၊ ယူမယ့်ယူတော့ အဖုံးရော အခေါင်းရောယူတာ ကောင်းပါတယ်။ အမလေး အလေးသားဝါဝါ လားဟ"

"အွတ်"

အခေါင်းကို မှောက်ချလိုက်သောကြောင့် အလောင်းကောင်ဝါးစပ်မှ လေတွေထွက်လာ၏။ အင်ဒရင်းနံ့က ပို၍စူးဝါးပြင်းထန်လာ၏။

အခေါင်းနှင့်အဖုံးကို ကျင်းနှုတ်ခမ်းပေါ်တင်အပြီး. . .

"အင်း နေသားတကျလေးတော့ ထားခဲ့ပေအုံးမှ. . ."

"သာဓု"

"သာဓု"

"သာဓု"

"ငါ့တူမကြီးရေ. . ."

မှောက်ခုံကြီးဖြစ်နေသော ချိုလွင်၏အလောင်းကောင်ကြီးကို ပက်လက်အနေအထားဖြစ်အောင် ပြန်တည့်မတ်ပေးလိုက်၏။


www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မြေစာခဲများဖြင့် ကျင်းပြန်ဖို့လိုက်စဉ် . . .

မြေစိုင်ခဲမာမာကြီးတစ်ခဲ ချိုလွင်ရင်ဘတ်ပေါ် ပစ်ချမိသောအခါ မျက်လုံးနှစ်လုံး ဖျတ်ခနဲပွင့်လာကာ တဖြည်းဖြည်းစူ၍ စူ၍ ပြူးထွက်လာ၏။

"ဗိုး"

"ဂစ်"

"ဂစ်"

"ဗိုး"

ငှက်ဆိုးထိုးသံများ သချိုင်းကုန်းထက်မှာ သွေးပျက်ဖွယ် စူးစူးဝါးဝါး အော်မြည်ပျံသန်းနေချိန်မှာ ဦးဘပုကတော့ မြေဖို့ပြီးစီးသွားပြီမို့ အခေါင်းကိုထမ်းကာ ချိုလွင်၏မြေပုံအနီးမှ ထလာခဲ့တော့သည်။

"နေရစ်ကြအုံးဟေ့ . . ."

"ငါ့ကုတင်ကြမ်းလေး ရိုက်ပြီးပြန်လာခဲ့မယ် . . ."

သမီးနှင့်မြေးတို့အား နှုတ်ဆက်ကာ သချိုင်းကုန်းမှပြန်လာခဲ့လေပြီ။

ဦးဘပု ဦးခေါင်းထက်ကောင်းကင်မှာတော့ ငှက်ဆိုးသံတွေ ပွက်ပွက် ညံနေလေ၏။

ထိုညက ညတွင်းချင်းပင် အခေါင်းကိုဖျက် ကုတင်ကြမ်းအပြင်ခင်းပြီး ဦးဘပုကြမ်းခင်းအသစ် ကုတင်လေးပေါ် ပက်လက်လှန် တော့ဘာဆန့်ကာ အမောဖြေနေ၏။

www.burmeseclassic.com

www.burmeseclassic.com



မနားတမ်းလက်သမားလုပ်လိုက်ရ၍ ပင်ပန်းတာ မှန်မှန် ချိုက်ချိုက် အိပ်မောကျသွားတော့သည်။

"ခေါ် ခလော. . ."

ဟောက်သံများပေးကာ အိပ်နေစဉ်. . .

"အူ. . ."

"အိ"

"ကိန်"

"ကိန်"

"အိ"

ဦးဘပု၏ ခွေးမဲလုံးအမြီးကုတ်တ်အီကာ ခြေရင်းအိမ်သို့ ပြေးသွား၏။

ဦးဘပုကတော့ လောကနဲ့ယာယီ အဆက်ပြတ်လျက်ရှိသည်။

ထိုစဉ်. . .

"ဒုန်း"

ဦးဘပုဘေး ကုတင်ပေါ် သို့ လူသေကောင်ထည့်သည့် အခေါင်း ကြီး ပြုတ်ကျလာ၏။

နားတွေ အူထူဆူညံသည်မို့ ဦးဘပုအိပ်ယာမှလန့်နိုးကာ ဝုန်းခနဲ ထထိုင်လိုက်သည်။

"ဟာ. . ."

"အခေါင်းကြီး"



www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြားအော်ပြီးကြည့်နေစဉ် အခေါင်းဖုံးကြီး ခွမ်းခနဲ ကွာကျသွားသည်။

ဦးဘပု အိပ်မွှေ့စုံမွှားနဲ့ မှင်တက်မိလို့မှ မဆုံးခင်. . .

အခေါင်းထဲမှ ဆံပင်ဖွားလျားချ ချိုလွင် ဝုန်းခနဲ ထထိုင်လိုက်သည်။ မျက်လုံးပြူး မျက်ဆံပြူးနဲ့ လက်နှစ်ဖက်ဆန့်တန်းရင်း. . .

"ငါ့အခေါင်းကြီးပြန်ပေး. . ."

"ငါ့အခေါင်းကြီးပြန်ပေး. . ."

"အောင်မလေးဗျ. . ."

မကြောက်တတ်သောလူရွှတ်ကြီးဦးဘပု၏ အော်သံနက်နက်ကြီးကြောင့် အိမ်နီးချင်းတွေ လန့်နိုးကုန်၏။ ပြေးလာကြ၏။

ဦးဘပုအဆက်မပြတ်အော်ရင်း အနီးရှိ အရိုးခေါင်းဖြင့် သရဲမအား ပစ်ပေါက်လိုက်ရာ. . .

"အူး. . ."

ခနဲ နာကျင်စွာအော်ပြီး သချိုင်းဖက်ဆီသို့ ပြေးဝင်သွားသော ဆံပင်ရှည်ရှည်နဲ့ မိန်းမတစ်ယောက်ကို အိမ်နီးချင်းများအားလုံး တွေ့လိုက်ရလေသည်။

"ကြောက်စရာကြီးပဲနော်. . ."

"ဒါထက် သချိုင်းကုန်းမှာကျန်ခဲ့တဲ့ သူ့သမီးနဲ့မြေးနှစ်ယောက် ကိုတော့ သရဲမခြောက်ဘူးလား. . ."

"ဘာပြောကောင်းမလဲ. . . ခြောက်လိုက်တာမှ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com


နောက်ညကျမှ ပြောပြမယ်၊ အခုဆယ့်နှစ်နာရီထိုးပြီ၊ အိပ်ကြစို့. . . "

မှတ်ချက်။

သချိုင်းကုန်း၌ကျန်ခဲ့သောမမြစိန်နှင့် သားဖြစ်သူပေသီးနှင့် စိန်ဝတို့ သရဲအခြောက်ခံရပုံကို အလျင်းသင့်သလို ဖော်ပြရေးသား သွားပါမည်။

(စာရေးသူ)

♣♣♣


www.burmeseclassic.com

www.burmeseclassic.com


ထိုညက မသင်းမေတည်းခိုရာအိမ်သို့ပြန်သောအခါ အခါတိုင်း
ညများစွာထက်ပို၍ ထိတ်ထိတ်ပျာပျာဖြစ်ရသည်။

ပြီးတော့ ငိုချင်သလို မွန်းကြပ်သလိုလို အသက်ရှူလို့ပင် မဝချင်
တော့ပါ။

ချစ်သူထျန်ပီး၏ခါးကို ကျစ်ကျစ်ပါအောင် ဖက်ထားသည့်
တိုင်အောင် စိတ်တွေဂယောက်ဂယက်နဲ့ ချောက်ချားတုန်လှုပ်
နေမိသည်။

"ဒီည ကောင်းကောင်းပြောတဲ့ သရဲအကြောင်းကြားရတာ
သေလောက်အောင် ကြောက်စရာကောင်းတာပဲ ထျန်ပီးရယ်"

"ကျွန်မ တအားကြောက်တာပဲ. . ."

"ငါတစ်ယောက်လုံးရှိတာပဲ မသင်းမေရယ်၊ သိပ်ကြောက်ရင်
အိပ်ပြန်မအိပ်နဲ့တော့လေ၊ ငါတို့နှစ်ယောက် ငါ့သူငယ်ချင်း
...င်းဇော်တို့အိမ် သွားအိပ်ရအောင်. . ."

"အမလေး. . ."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ပိုကြောက်ဖို့ကောင်းသေးတယ်"

"သွား. . ."

"လူလည်လာမကျနဲ့"

"ကျွန်မမှာ ဟိုလေကိုယ်ဝန်ရှိနေပြီလားမသိဘူး. . . စိတ်ညစ်တာပဲ . . . လက်လည်းမထပ်ရသေးဘဲနဲ့ ကိုယ်ဝန်ပေါ်လာရင် ကျွန်မရှက်လွန်းလို့ သေလိမ့်မယ်"

"လက်ထပ်မှာပါကွာ. . . ဒီတစ်ခေါက် ငါဝင်းဇော်တို့နဲ့အတူ သစ်မွှေးကူးပြီးပြန်လာရင် လက်ထပ်မယ်နော်။ ဟုတ်ပြီလား. . ."

"လက်ထပ်ပြီးရင် မသင်းမေအမေနဲ့သမီးလေးကိုပါ ဒီရွာမှာပဲ ခေါ်ထားတော့မယ်"

"ဒီအပြောတွေနဲ့ပဲ ကျွန်မတော့ ရှုံးတော့မယ်. . ."

"အေးပေါ့လေ. . ."

"ကျွန်မက အပျိုစင်မှမဟုတ်တာ. . ."

"ကလေးတစ်ယောက်အမေ မုဆိုးမ၊ ဒီကြားထဲ အမေအိုကြီးပါ အဆစ်ပါတော့ ဘယ်ယောကျ်ားက တက်တက်ကြွကြွ လက်ထပ်ချင်မှာစုန်း"

"အဲလိုမပြောပါနဲ့ကွယ်. . ."

"ကိုယ့်အတွက်တော့ မသင်းမေဟာ အပျိုစင်တစ်ရာနဲ့ မလဲနိုင်လောက်အောင် တန်ဖိုးကြီးပါတယ်. . ."

"အပိုတွေ"



www.burmeseclassic.com

www.burmeseclassic.com


မသင်းမေမူနှဲ့စွာပြော၏။

"မယုံလို့လား၊ သက်သေပြမယ်"

အပြောထက်သွက်သော ထျန်ပီး၏လက်တွေက မသင်းမေ ခန္ဓာကိုယ်အနှံ့ ရွှေ့လျားသွား၏။

မသင်းမေ၏နဖူး၊ နှာတံတို့ ထျန်ပီးအနမ်းဖြင့် စိုအိသွားတော့သည်။

"အို . . . လမ်းမကြီးမှာ . . ."

"အရှက်တိုမရှိဘူး"

"အဲဒါကြောင့် ပြောတာပေါ့၊ ဝင်းဇော်တို့အိမ်ကို သွားကြရအောင်ပါလို့ ဆိုတဲ့ဟာ"

"ဟင်း . . ."

"ဖြစ်မှဖြစ်ရလေ . . . အရှုးအမဲသားကျွေးမိပြီ"

"ကျားပိန်တွယ် တွယ်နေတော့တာပဲ"

ချစ်သူနှစ်ဦး ခရာတာတာ အကြင်နာတွေစိုလူးနေခိုက် . . .

"ဂွတ်"

နောက်ဖက်ဆီမှ သစ်ကိုင်းချိုးကျိုးပေါ် တက်နင်းမိ၍ သစ်ကိုင်းကျိုးသံ ကြားလိုက်ရ၏။ မသင်းမေ ထျန်ပီးရင်ခွင်ထဲမှ ရုန်းကာ နောက်ဘက်ဆီသို့ လှည့်ကြည့်လိုက်သည်တွင် . . .

"အမလေး"

ဖရိုဖရဲသစ်ရိပ်တွေကြားထဲမှ လရောင် ကွက်ကြိုကွက်ကျား


www.burmeseclassic.com

www.burmeseclassic.com


အောက်ဝယ် အရိုးပြိုင်းပြိုင်းအမေအိုကြီးတစ်ယောက် စူးစိုက်ကြည့်နေ၏။

မသင်းမေလန့်အော်လိုက်တော့ မျက်လုံးကြီးနှစ်လုံး လက်သီးဆုပ်ပမာခန့် ပြူးကျယ်စူထွက်လာကာ အနီရောင်အလင်းတန်းတွေ ထွက်ပေါ်လို့လာသည်။

ပြီးတော့ ချက်ချင်းပင် ပျောက်ကွယ်သွား၏။

"အမလေး သရဲ . . ."

"ကြောက်တယ်"

"ဘယ်မှာလဲ"

"မရှိပါဘူး . . ."

"ဟာကွာ . . ."

"မသင်းမေကလည်း ကိုယ်တစ်ယောက်လုံးရှိနေတာ မကြောက်စမ်းပါနဲ့၊ အမိပ္ပါယ်မရှိပါဘူး . . ."

"ဘာသရဲလဲ . . ."

"အလကား ကိုယ့်စိတ်က ကိုယ်ပြန်ခြောက်နေတာ . . ."

ထျန်ပီးဘယ်သို့ပင်ပြောပြော မသင်းမေ ဒီအမှောင်ရိပ်တျွသွန်းသော ဒီလမ်းကြားထဲမှာ မနေရဲတော့ပေ။

ထျန်ပီးကို ဖွတ်ဆွဲခေါ်ကာ ကတ္တရာလမ်းမဖက်သို့ ခြေကုန်သုတ်သုမ်းလာခဲ့တော့သည်။

"ဝင်းဇော်တို့အိမ် သွားမယ်နော်"


www.burmeseclassic.com

www.burmeseclassic.com



အရေးထဲမှာ ထျန်ပီးတစ်ယောက် သခွပ်ပင်က မီးတကျီကျီ လုပ်နေသေး၍ ခေါင်းညိတ်ပြရသေးသည်။

ကလေး-တမူးသွား ကတ္တရာလမ်းမကြီး၏ ဘယ်ဖက်ပခုံးပေါ် ရောက်မှ မသင်းမေစိတ်တွေ နည်းနည်းငြိမ်လာရသည်။

"နေအုံးလေ. . ."

"မသင်းမေ. . ."

"ကားတွေလာနေတယ်. . . မကူးနဲ့အုံး"

ထျန်ပီးတားနေသဖြင့် မသင်းမေအသာအယာရပ်ရင်း သစ်ထုတ်ရေးကားတန်းရှည်ကြီးကို ငေးကြည့်နေမိ၏။

ထိုစဉ်. . .

"ဒုန်း"

"အား"

မသင်းမေ. . ."

သစ်ထုတ်ရေးကားကြီး ဘရိတ်အုပ်ပေမယ့် မသင်းမေ၏ အသက်နှင့် ကိုယ်ကတော့ အိုးစားကွဲခဲ့လေပြီ. . .

"ပီးပေါ်"

"ပီးပေါ်"

"ပီး. . ."

♣♣♣



www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း (၅)

"မသင်းမေ. . ."

"မသင်းမေ. . ."

သွေးခုန်နှုန်းတွေ အဆမတန်မြန်ပြီး သွေးကြောများ ပေါက်ထွက်တော့မတတ် ခံစားချက်တို့ဖြင့် ကောင်းကောင်းအသံကုန်အော်ရင်း အိပ်မက်ဆိုးမှ လန့်နိုးသည်။

"ကို. . ."

စိုးရိမ်မှုတွေအိုင်ထွန်းနေသော အသံချိုချိုလေးနှင့်အတူ ချစ်သူ 'ငြိမ်း' အခန်းထဲ ပြေးဝင်လာ၏။

"ငြိမ်း"

"ကို"

ငြိမ်း၏နူးညံ့ဝင်းမွတ်သော ခန္ဓာကိုယ်လေးကို ကောင်းကောင်း ဆွဲဆိုက်မောစွာ ပွေ့ဖက်ထားလိုက်သည်။

"ဘယ်သွားနေတာလဲ ငြိမ်းရယ်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို တစ်ယောက်တည်းပစ်ထားပြီး ငြိမ်းဘယ်သွားနေတာလဲ"

"ကိုဆေးသောက်ပြီး အိပ်ပျော်နေလို့ ငြိမ်းထမင်းဟင်းချက်ပြီး စာကြည့်ခန်းထဲမှာ စာအုပ်ထိုင်ဖတ်နေတာပါ။ ကိုနေကောင်းသွားပြီလားဟင် . . ."

"တယ်ဟုတ်ပါလား . . . စာဖတ်ပျင်းတဲ့ ငါ့ချစ်သူတောင် စာအုပ်တွေ ဖတ်နေတယ်ဆိုပဲ . . ."

"ကိုနားကြားလွဲတာမဟုတ်ရင် ကမ္ဘာကြီးတိမ်းစောင်းပုံလွဲပြီး လည်သွားပြီထင်တယ်ဟော့ . . ."

"စာကြီးပေကြီး ဟယ်ရီပေါ်တာ ဖတ်နေတာဖြစ်မယ် . . . ဟုတ်လား"

"ဟင့်အင်း . . . ကလေးစာတွေ မဖတ်သေးဘူး"

"ဒါဆို ဘာစာပေတွေများလဲကွ . . . ပြောစမ်းပါအုံး"

"ယောအတွင်းဝန်ဦးဖိုးလှိုင်ရေးတဲ့ ဥတုဘောဇနသင်္ဂဟကျမ်း"

"အာလား . . . အထင်ကြီးအောင် ကြွားနေပြီဟော့"

"ငြိမ်းရယ် . . . ငြိမ်းမကြွားလည်း ကိုက အထင်ကြီးပြီးသား ချစ်ရနေခဲ့ပြီးသားပါ"

"ချစ်နေခဲ့ပြီးသားဆိုတော့ အခုမချစ်သေးဘူးဆိုတဲ့ သဘောလား"

"ဘယ်ကလာ အခုတင်မကဘူး၊ နောင်ဘဝအဆက်ဆက် သံသရာလည်နေသရွေ့ ငြိမ်းကိုချစ်နေအုံးမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်နော်"

"တကယ်ပေါ့"

"ငြိမ်းဟာ ကိုသိပ်ချစ်တဲ့ ငြိမ်းမဟုတ်ရင်ကော"

"ဘာတွေလဲ ငြိမ်းရာ. . ခေါင်းနောက်အောင် လျှောက်မနောက်နဲ့ကွာ. . . ကိုယ့်ခေါင်းက ဒဏ်ရာရထားလို့ သိပ်ကောင်းသေးတာမဟုတ်ဘူး"

"မေးတာပဲဖြေပါ ကိုရာ. . ငြိမ်းဟာ ကိုသိပ်ချစ်ခဲ့ဖူးတဲ့ ငြိမ်းမဟုတ်ရင်ကောလို့ မေးနေတယ်လေ. . . ချစ်အုံးမှာလို့ပဲ ဖြေကွာ. . ."

"ဟုတ်ပါပြီ ဖြေပါ့မယ်၊ ဟောဒီ ကို့ရင်ခွင်ထဲက ငြိမ်းလေးကိုပဲ သေတပန် သက်တဆုံးချစ်မယ်. , . မကသေးဘူး၊ ရုပ်၊ ခန္ဓာချုပ်ငြိမ်းတဲ့အထိ ချစ်မယ်၊ အဲဒါ ကို့ရဲ့ Absolute Truth ပရမတ္ထသစ္စာပါ၊ ပတတိအမှန်တရားပါ"

"ပြီးရော နောက်တော့မှ ဒီစကားတွေ ငါမပြောဖူးပါဘူးလို့ လာမငြင်းနဲ့ ဆောရီးပဲ၊ ပြောပြီးစလစ်"

နှုတ်သီးချွန်ကာ ချွန်ကာပြောပြီး သူ့နဖူးထက်သို့ နှုတ်သီးဖျားလေးတို့ကာ တရှိုက်မက်မက် မော့နမ်းနေရှာသော ငြိမ်းသည်. . . တိုးလွန်ခဲ့သည့် ဆယ်နှစ်တာကာလတုန်းကထက်ပင် ရင်ခုန်နွေးထွေးစေသည်လေ. . .

ရင်ခုန်သံ သံစဉ်သစ်တွေကို ရှာဖွေဖော်ထုတ်ရင်းလေးသည်



www.burmeseclassic.com

www.burmeseclassic.com


"I Love every square inches of your body "

"ဘယ်ဝတ္ထုစာအုပ်ထဲက စာသားလဲဟင်"

"ဟောဒီ ငြိမ်းအကြောင်းရေးထားတဲ့ ကိုယ့်အသွေးအသား စာအုပ်ထဲက ရတာပေါ့. . ."

"စာတတ်တယ်နော်"

"ကျောင်းပြီးတာ ဆယ်နှစ်ရှိပြီလေ"

"ဘာလဲ. . . ရည်းစားထားခြင်းအတတ်ပညာမေဂျာနဲ့လား"

"အင်းလေ. . . ငြိမ်းဆိုမှငြိမ်း ခေါင်းစဉ်နဲ့ သီးဆစ်စ်(Thesis) တင်ပြီး မာစတာဘွဲ့တောင် ရပြီးပြီ"

"ဟယ်. . . ကောင်လေးက တော်သားဟဲ့"

"ဒါတင် ဘယ်ကအုံးမလဲ. . ."

"ကျွန်တော် ငြိမ်းနဲ့ သားသားမီးမီးတစ်ရာဆိုတဲ့ စာတမ်းနဲ့ ဒေါက်တာဘွဲ့လည်း ရတော့မယ် ကလေးမရဲ့"

"အား"

"ဘာ. . ."

"ဘာဖြစ်လို့လဲ ငြိမ်း. . ."

"နာလို့လား"

"ဟုတ်တယ်. . . စကားလုံးတော်ပီဒိုထိပြီး ရင်ဘတ်ကြီးပွင့်ထွက် တော့မယ်. . . ဖယ်တော့နော်ကို. . ."

"နှလုံးသားအစားထိုးကုမှရတော့မယ်"


www.burmeseclassic.com

www.burmeseclassic.com


"ဖယ်ပါတော့ကိုရယ်. . ."

"ငြိမ်း. . . မောလှပြီ"

"ဟင့်အင်း. . . ဒီအချိန်မှာ ဖယ်လိုက်ရင်ကို P.H.D ဒေါက်တာဘယ်ဖြစ်တော့မလဲ ငြိမ်းရယ်"

နှစ်ယောက်လုံး၏ နှုတ်မှစကားသံတွေ ချက်ချင်းအငွေ့ဖျံ့ပျောက်ရှသွားပြီး. . .

ရင်ခုန်သံတွေနဲ့ အသက်ရှူသံတွေက ဒရမ်(မ်)နှင့်ဘေ့(စ်)လို အပေးအယူမျှတစွာ ပေါက်ကွဲနေတော့သည်။

တဖြည်းဖြည်းနဲ့ တိုင်မာမြန်လာ၏။

ထို့နောက်. . .

စမ်းချောင်းလေးဆီသို့ ချစ်သူနှစ်ဦးပြေးဆင်းခဲ့ကြသည်။ အိမ်တလေးရှိ အိပ်ခန်းလေး၏ကုတင်လေးရဲ့ အိပ်ယာခင်းလေးသည် အဆိုတော် ဘီယွန်းစေး၏ အကြေသားဆံပင်လို ကျိုးလို့ကြေလို့တျန်ခဲ့လို့ပေါ့. . .

အိပ်ယာခင်းလေး၏အတွေးထဲမှာ မေးခွန်းတစ်ခုပေါ်နေသည်။

စမ်းချောင်းလေးရဲ့ ရေပြင်ငလေးရော၊ ငါ့ခန္ဓာကိုယ်လို တွန့်ကြေအုံးမှာ လား. . . တဲ့"

♣♣♣


www.burmeseclassic.com

www.burmeseclassic.com


ယူကလစ်ကွင်းကြီးကို ကျော်ဖြတ်အပြီးမှာ အောင်ချမ်းသာ ရွာကြီးကို ဘွားခနဲ တွေ့လိုက်ရသည်။

"ရှေ့ကရွာကြီးက ငြိမ်းတို့ အောင်ချမ်းသာရွာကြီးပေါ့"

"သိပါတယ် ငြိမ်းရယ်. . ."

"ဒီနေရာ ဒီပတ်ဝန်းကျင်ကို ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်ကျော် ကတည်းက အလွတ်ရနေခဲ့တာပါ. . ."

"အေးပေါ့လေ ပြောမိတာကိုက ကျွန်မအမှားပါ. . . ဟိုးတုန်းက ငြိမ်းကို မမေ့နိုင်သေးဘူးဆိုတာ မေ့နေတာကိုက ကျွန်မအမှား. . ."

"ဟာ. . . ကွာ ငြိမ်းကလည်း ဘာလဲမသိဘူး. . ."

"ငြိမ်းက ကိုယ့်ကိုယ်ကိုတောင် ပြန်ပြီး သဝန်တိုရသလားကွာ"

"တိုတယ်. . ."

"တိုတယ်. . ."

"လာမပြောနဲ့ဗျာ၊ ငြိမ်း ကိုနဲ့ပတ်သက်လာရင် ဣဿာစိတ်ရော၊ မစ္ဆရိယ စိတ်ရော၊ လောဘစိတ်တွေရော တိုးတိုးလာပြီး တစ်နေ့


www.burmeseclassic.com

www.burmeseclassic.com


တစ်နေ့ ငရဲပြည်ကို အကြိမ်တစ်ရာလောက် မျက်စပစ်နေရပြီဗျ. . ."

"ဩော်. . . ငြိမ်းရယ်၊ ကို့ကို အဲသလောက်တောင် ချစ်ရသလား ကွယ်"

"ဟင် အခုမေးတယ်. . ."

"စောသေးတာပေါ့၊ သားသားရှင်ပြုတဲ့နေ့ရောက်မှ မေးသင့်တာယ်"

"ကိုက ဟိုးဆယ်နှစ်လောက်တည်းက အလွတ်ရခဲ့တဲ့ရွာပဲ၊ ဒါလောက်လေးမှ မသိဘူးလား. . ."

"ကောင်မလေး ဘယ်လိုဖြစ်လို့ ကောက်နေတာလဲ. . ."

သူမချင့်မရဲဖြင့် ငြိမ်း၏နှာသီးနီနီလေးကို ခပ်ဖွဖွဆွဲလိုက်၏။

"ဟာ. . . ပော့လူကြီး၊ ရွာထဲရောက်နေပြီ။ ဟိုမှာ လူတွေနဲ့ နည်းနည်းပါးပါး သိက္ခာထိန်းပါအုံး. . ."

ငြိမ်းကသူ့ကို တပည့်တစ်ယောက်လို ဟန်တစ်လုံး ပန်တစ်လုံးနဲ့ ဆို၏။

"လာ. . . ဟိုးရှေ့က ပျဉ်ထောင်အိမ်အမည်းကြီးဟာ မေသင်းမေတို့ အိမ်ပေါ့"

ငြိမ်းမေးဆတ်ပြသည့် ပျဉ်ထောင်အိမ်အမည်းကြီးကို အတဲခတ် လိုက်သည်။

အောက်ထပ်မှာ အကာအရံမရှိ၊ အပေါ်ထပ်ရှိပျဉ်ချပ်တွေက ဆွေးမြေ့ ဟောင်းနွမ်းနေပြီ. . .


www.burmeseclassic.com

www.burmeseclassic.com



အမိုးကိုတော့ သွပ်မတတ်နိုင်၊ ဝါးကပ်မတတ်နိုင်၍ ထင်သည်။ ကောက်ရိုးများဖြင့် ပြည့်တော်သာမိုးထားသည်။

"မသင်းမေတို့က အရင်တုန်းက စီးပွားရေးပြေလည်တယ်နဲ့ တူတယ် ဟုတ်လား. . ."

"ဟုတ်တယ်ကို. . . အဲဒါ အရေးမကြီးဘူး. . . သူတို့အိမ်မှာ တစ်ခုခုဖြစ်နေပြီထင်တယ်. . ."

ငြိမ်းပြောမှ အိမ်ကိုလှေ့လာတဲ့မျက်လုံးမှ ဝန်းကျင်ကိုလေ့လာတဲ့ မျက်လုံးတွေအဖြစ် ပြောင်းလဲလိုက်ရ၏။

"ဟာ. . . ကလဖျင်းဆောက်ထားတယ်"

"ဟင်. . ."

"အလောင်းစင်"

"ဘယ်သူသေတာပါလိမ့်"

"ဟယ်. . ."

"ကိုရေ. . . ဒေါ်ရွှေနီကြီး သေပြီတော့"

"ဒေါ်ရွှေနီဆိုတာ"

"မသင်းမေရဲ့ အမေ"

"ဟာ"

"သွားပြီ"

"ကို. . . နောက်ကျသွားပြီ ငြိမ်းရယ်"

မျက်နှာမွဲ၊ ဥစ္စာမဲ့ အသုဘအိမ်ဆိုပေမယ့် တောအရပ်



www.burmeseclassic.com

www.burmeseclassic.com



ဘောစရိုက်အရ ခြံဝင်းနှင့်အပြည့် ဝိုင်းဝန်းကူညီကြသူတွေ ဒုနဲ့ဒေး ရှိနေ၏။

"ငြိမ်း. . ."

"သမီးငြိမ်း ရွာအလည်လာတာလား"

"ဟော. . . ငြိမ်းပါလား"

"ဘယ်တုန်းကရောက်လဲ"

ငြိမ်းကို နှုတ်ဆက်သူတွေအများကြီး၏ မျက်လုံးတွေက ငြိမ်းနှင့်အတူပါ လာသောသူ့ထံ စူးစမ်းအကြည့်တွေ ဆက်လာ၏။

"အလည်လာတာ မဟုတ်ပါဘူး. . ."

"မသင်းမေတို့အိမ်လာတဲ့ ဟောဒီညွှဲသည်ကို လိုက်ပို့တာပါ"

"ဟော. . ."

"မသင်းမေ မရှိဘူးကွဲ့. . ."

"ကလေးမြို့ဘက်ကို ငပိ၊ ငါးခြောက်သွားကူးတယ်လေ"

"ကို"

"ပြောပြလိုက်တော့လေ"

ကောင်းကောင်း သူ့ကိုယ်သူ မိတ်ဆက်သည်မှအစပြု၍ မသင်းမေနှင့် ရင်းနှီးပုံ၊ မသင်းမေသေဆုံးပုံ၊ မသင်းမေရေနံတွင်း တွင်းလျှံပုံ၊ မသင်းမေ၏ မှိုခင်အိုကြီးနှင့် မတီမတျာသမီးငယ်လေးကို ခေါ်ယူ စောင့်ရှောက်ကျွေးမွေးလိုသည်အထိအဆုံး ရှင်းပြလိုက်တော့သည်။ မသင်းမေ တစ္ဆေသရဲဖြစ်ပြီး ခြောက်လှန့်ပုံတို့ကိုတော့



www.burmeseclassic.com

www.burmeseclassic.com


ချန်လှပ်ထားလိုက်၏။

အားလုံးမှာ 'ဟော'ခနဲ 'ဟာ'ခနဲ စုတ်တသပ်သပ်၊ ကျွတ်တထိုးထိုး ဖြစ်ကုန်ကြတော့သည်။

"မောင်ရင်လေးစေတနာက မွန်မြတ်လှပါတယ်. . ."

"သို့ပေမယ့်. . ."

"ဒေါ်ရွှေနီကြီးခမြာ ခံစားခွင့်ဇာတာမပါခဲ့ရှာဘူးကွယ်"

"ကလေးကတော့ သူဌေးကမွေးစားရင် သူဌေးသမီးဖြစ်ပြီ ပေါ့နော်. . ."

တစ်ယောက်တစ်ပေါက်ပြောဆိုနေစဉ် ကလေးငိုသံကြောင့် ကောင်းကောင်းလှမ်းကြည့်လိုက်ရာ. . . ရင်ဆို့သွားရ၏။

"ဖွားဖွား မီးမီးကြောက်တယ်. . ."

"တေနဲ့ တေနဲ့ ဖွားဖွားရယ်. . . မီးမနေရဲဘူး. . ."

"မေမေလည်းမရှိဘူး. . ."

"မီးမီးကြောက်လို့ပါ"

"ဖွားဖွားတေဘီချို. . . တေပါနဲ့နော်၊ မီးမီးမုန့်ဝယ်ကျွေးမယ် တေနဲ့တော့နော်. . . ထပါ ဖွားဖွားရယ်. . ."

"အင်း"

"အင့်"

"အင့်. . ."

"အင်း"


www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး. . ."

"သမီးလေး လာပါအုံးကွယ်. . ."

"ဦးဦးဆီ. . . အဲ"

"ဖေဖေဆီ လာပါအုံး. . . သမီးလေးရယ်"

"ဖေဖေဆီ လာပါကွယ်. . ."

"ဦးဦးက မီးမီး ဖေဖေယား"

"အေးပေါ့ သမီးလေးရဲ့"

"ဖေဖေလည်း တေဘီချို"

"မသေပါဘူး သမီးလေးရယ်. . ."

"ဖေဖေက သမီးလေး မုန့်တွေအများကြီးစားရအောင် မုန့်တွေသွားဝယ်နေတာ သမီးရဲ့"

ကလေးလေးက ကောင်းကောင်းလက်ထဲ ပွေ့ခနဲ လက်ဆန့်တန်းကာ လိုက်ပါလာ၏။

"မီးမီးချားချင်ဘူး ဦးဦး"

"ဖေဖေလို့ခေါ်လေ သမီးရဲ့"

"ဟုတ်ကဲ့"

"မီးမီးမုန့်တွေ ချားချင်ဘူး. . . ဖွားဖွားကြီးကို တွေ့ချင်နေဘ်. . ."

"ဖွားဖွားကြီးတေဘီ ဖေဖေ. . ."

"ဖွားဖွားကြီးတနားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးရိုက်ပါ ဖေဖေ. . ."

"အင်းပါ သမီးရယ်. . ."

"ဖေဖေ သမီးလေးဖွားဖွားကို မုန့်တွေ အများကြီးကျွေးမှာနော်"

"မေမေရဲ့ ကျွေးဦးနော် ဖေဖေ"

"ကျွေးမှာပေါ့ သမီးရဲ့"

ကျွေးမယ်နော်. . ."

"တိတ်. . ."

"တိတ်. . ."

"သမီးလေး တိတ်ပါတော့ကွယ်"

ကလေးကို ချော့သိပ်ရင်း မျက်ရည်တာကျိုးနေသော ကောင်း ကောင်းကိုကြည့်ကာ. . .

'အင့်'ခနဲ ငြိမ်းရှိုက်လိုက်တော့. . .

'ဟီး'ခနဲ မျက်ရည်မခိုင်သူအပေါင်း ငိုလိုက်သံက ကျယ်လောင် သွားတော့၏။

အခုမှ အသုဘအိမ်သည် အသုဘအိမ်ပီသသွားလေသည်။ သမီးငယ်လေးခမြာ လူကြီးတွေငိုတော့ ရောယောင်ငိုရင်း အိပ်မောကျ သွားရှာသည်။

အိပ်ပျော်သွားသော သမီးငယ်လေးကို ငြိမ်းက အသာအယာ ပွေ့ချီထားလိုက်သည်။

"ဒေါ်ရွှေနီကြီး ဘယ်နေ့ကဆုံးတာလဲ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ကမှ ဆုံးတာမောင်လေး. . . အဲ. . . သူ့ငွေလေးရဲ့"

"မောင်ရင်လေးလို့ပဲ လွတ်လွတ်လပ်လပ် ခေါ်ကြပါဗျာ"

"ကောင်းပါပြီ"

"မောင်ရင်လေးရယ်"

"အဖွားကြီးခမြာ ကံဆိုးရှာပါတယ်ကွယ်၊ ချို့ချို့ငဲ့ငဲ့ စားရမဲ့မဲ့ သောက်ရမဲ့မဲ့နဲ့ နေလာခဲ့ပြီး အလှုပြယ်စားရတော့မယ့် အချိန်လည်း ရောက်ရော၊ သေရရှာတယ်ကွယ်. . ."

"ဒေါ်ရွှေနီကြီးရယ်. . . ကံဆိုးလှချည်လားတော့"

ခံစားပေါက်ကွဲသွားသော အဒေါ်ကြီးတစ်ယောက် ဟစ်ငိုလိုက်ပြီး ဒေါ်ရွှေနီမျက်နှာပေါ် ဖုံးအုပ်ထားသော ဖျင်တဘက် အနီကလေးကို လှစ်ဟလိုက်သည်တွင်. . .

ကောင်းကောင်းတစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ အပြွတ်ပြွတ်အသီးသီး ထသွားတော့သည်။

"ဟင်"

"တံတားပေါ်က သူ့အိုမကြီး"

"ဘာဖြစ်လို့လဲ ကို. . ."

"ကိုနဲ့ ဒေါ်ရွှေနီကြီး သိဖူးလို့လား"

"ဟင့်အင်း"

"ဟင့်အင်း"

သူ့ ကာမန်းကတာန်းငြင်းလိုက်မိတာကို ငြိမ်းကယုံကြည်ပုံပေါ်



www.burmeseclassic.com

www.burmeseclassic.com


ဒေါ်ရွှေနီ မျက်နှာကိုတစ်လှည့်၊ ကောင်းကောင်းမျက်နှာကိုတစ်လှည့် ကြည့်ရင်းက. . .

"ဟင်. . ."

"ဒေါ်. . . ဒေါ်ရွှေနီနဖူးမှာ အစိမ်းရောင်အဖုကြီးနဲ့. . ."

"အို"

"မျက်လုံးစိမ်းကြီးနဲ့ တူလိုက်တာ"

ငြိမ်းလက်မောင်းကို ညှစ်ဆုပ်ပြီး ဒေါ်ရွှေနီမျက်နှာကို တဘက်နှင့် ပြန်၍ ဖုံးအုပ်ခိုင်းလိုက်ရသည်။

ကောင်းကောင်း ဒေါ်ရွှေနီအသုဘကို တင့်တင့်တယ်တယ် ချပေးခဲ့၏။ ပြီးတော့ ရက်လည်ကို ထမင်းရည်ချောင်းစီးမောင်းတီးပြီး ကျွေးခဲ့၏။ သံဃာတော်တွေ သံဃာကုန် ပင့်ဆွမ်းကျွေးခဲ့၏။ ဥဇော်ခဲ့၏။

ကောင်းမှု၏အဖို့ဘာဂကို ဒေါ်ရွှေနီနှင့်မသင်းမေအားရည်စူး၍ အမျှအတန်းပေးဝေခဲ့ပြီး ကျေးရွာရပ်မိရပ်ဖတွေ ရှေ့မှောက်မှာ ကလေးငယ်အား အမွေစားအမွေခံသမီးအဖြစ် မွေးမြူခွင့် ကတိစာချုပ် ချုပ်ဆိုခဲ့ပါသည်။

♣♣♣


www.burmeseclassic.com

www.burmeseclassic.com



# အပိုင်း (၈)

ကောင်းကောင်း . . . ငြိမ်းနှင့်သမီးလေးကိုခေါ်ဆောင်ပြီး လျှံပီးတို့ခြံဝင်းထဲ ဝင်လိုက်သည်။

အိမ်လေးသည် အခါတိုင်းထက် ပိုမိုခြောက်ကပ် တိတ်ဆိတ်နေ၏။

စိတ်ပူမှုက ရင်ကိုတိုးဆောင့်သည်။

"လျှံပီးရေ"

"ထျန်ပီး"

တကြော်ကြော်အော်ရင်း အိမ်လေးပေါ် အပြေးတက်ခဲ့၏။ အိမ်တံခါး ဖွင့်ထားသည်မို့ တစ်ယောက်ယောက်တော့ ရှိနေမည်ဖြစ် မလွဲဟု ထင်မှတ်ထားသည်။

တွေ့ပါသည်။ အိမ်ရှေ့ခန်းမှာ ခြေပစ်လက်ပစ်ထိုင်နေသော လျှံပီး၏ မျက်နှာထက်မှာ စိတ်ဆင်းရဲမှုတွေ လျှံထွက်နေ၏။

ဟိုးအရင်ကာလများကဆိုလျှင် သူ့အသံကြားရသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အော်ဟာစ်မြူးကြွ နေတတ်သော လျှံပိုးတို့ညီအစ်ကိုနှင့် ခွေးကြီးရန်နိုင်တို့ မိသားစု . .

အခုတော့ . .

ရန်နိုင်ကိုလည်းမတွေ့ . .

ထျန်ပီးကတော့ ဘယ်အလည်လွန်နေသည်မသိ။ လျှံပိုး မျက်နှာ၏ အပျက်ပျက်အယွင်းယွင်း အခြေအနေက သူ့စိတ်တွေကို ဗလောင်ဆူလောင် မြိုက်စေသည်။

"လျှံပိုး"

BURMESE CLASSIC

"ဟော့ လျှံပိုး . . "

"သူငယ်ချင်း"

"ငါလေကွာ . . ကောင်းကောင်းပါ။ ဘာဖြစ်လို့စကားမပြောတော့တာလဲ"

". . ."

လျှံပိုး သူ့ကိုမော့ကြည့်သည့် မျက်ဝန်းထဲမှာ မျက်ရည်ဥတွေ တွဲခိုနေတော့သည်။

"ဘာဖြစ်လို့လဲ လျှံပိုး . . "

"ငါ့ကို ပြောပြပါအုံးကွာ . . "

"ငါဘာမှားခဲ့လို့လဲ သူငယ်ချင်းရာ"

"ထျန်ပီးရော . . "

"ထျန်ပီးဘယ်မှာလဲ . . "



www.burmeseclassic.com

www.burmeseclassic.com


"ထျန်ပီးမရှိတော့ဘူး"

ငိုသံပါကြီးနဲ့ပြောသံက စိတ်တွေကြွပ်ကြွပ်ဆူသွားစေပြီးမှ စိတ်ကိုတင်းကာ. . .

"ဟာ. . . မင်းကလဲ. . ."

"ဘယ်လိုကြီးပြောတာလဲ"

"ဘာလဲ. . . ထျန်ပီးသစ်မွှေးကူးဖို့ ခရီးထွက်သွားလို့လား"

"သူ့သူငယ်ချင်းဝင်းဇော်နဲ့ သစ်မွှေးကူးသွားကြတာလား"

သူ့သူငယ်ချင်းဝင်းဇော်နဲ့ ဟုတ်လား. . ."

"အေး. . . ဟုတ်တယ်"

"ထျန်ပီးနဲ့ ဝင်းဇော်တင်မကဘူး၊ ရန်နိုင်ရောပါသွားတယ်"

"ဒါပေမယ့်. . ."

ဒါပေမယ့်ဆိုပြီး စကားရပ်သွား၏။ မျက်ရည်တွေသာ ဒလဟော ဖြိုကျလာသည်။ နားစွင့်ရတာ အသက်ရှူရပ်မတတ် မောဟိုက်နေမိသည်။

"ဒါပေမယ့် ဘာဖြစ်တာလဲ လျှံပီး. . . ဟင်"

"ဒါပေမယ့်. . ."

"သူတို့ထွက်သွားတာ လူ့လောကရဲ့ အပြင်ဘက်ကို ထွက်သွားတာကွ . . . သေမင်းနိုင်ငံတော်ကို ထွက်သွားတာ. . ."

"ဝင်းဇော်ရော၊ ထျန်ပီးရော၊ ရန်နိုင်ရောသေပြီ"

"ဟေ"


www.burmeseclassic.com

www.burmeseclassic.com



"တုတ်တယ်"

"တစ်ညတည်း . . . တချိန်တည်း . . . တစ်ပုံစံတည်းသေရတာတွေ . . ."

လျှံမိုး၊ သူနှင့်ငြိမ်း၊ သမီးလေးတို့ ဂျစ်ကားတစ်စီးနှင့်အလုပ်များနေကြ၏။

လျှံမိုး၊ ငြိမ်းနှင့်သမီးလေးတို့ကို ပထမဦးစွာ မသင်းမေ၏အုတ်ဂူသို့ ပို့ပေးခဲ့သည်။

ထို့နောက် ဆရာတော်ဦးပဏ္ဍိတဦးစီးသော သံဃာတော်(၅)ပါးတို့ကို သင်္ချိုင်းကုန်းသို့ ပင့်ဆောင်ခဲ့သည်။

ပြီးတော့ ပန်းရုံအဖွဲ့ကို ခေါ်ယူခဲ့၏။

ပထမဦးဆုံး ပရိက္ခရာရှစ်ပါး၊ စတ္တုငွေအပါအဝင် လှူဖွယ်ဝတ္ထုအစုစုတို့ကို ကပ်လှူပူဇော်၏။ ကမ္မဝါရွတ်ဖတ်တော်မူကြသည်။

"မြတ်စွာဘုရား၏ တပည့်သားသံဃာတော် အရှင်မြတ်(၅)ပါး၏စေတနာ သုံးတန်ပြဋ္ဌာန်းပြီး လှူဖွယ်ဝတ္ထုအစုစုနှင့်တကွ ပရိက္ခရာရှစ်ပါးတို့ကို ကပ်လှူပူဇော်ရသော ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကိုအမျှအတမ်းပေးဝေပါမည် . . ."

"ဤကုသိုလ်ကောင်းမှုအဖို့ဘာဂကို ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားသော မသင်းမေနှင့်တကွ မြင်အပ်၊ မမြင်အပ်၊ ကြားအပ်မကြားအပ်သော သတ္တဝါအပေါင်းတို့ကို သာဓု သာဓု ယူတော်မူကြပါတော့"



www.burmeseclassic.com

www.burmeseclassic.com


"တမလွန်ဘဝသို့ ပြောင်းရွှေ့သွားသော မသင်းမေမှအစ စြားကြား သမျှ. . ."

"အမျှ. . ."

"အမျှ. . ."

"အမျှ. . ."

"ယူတော်မူကြပါကုန်လော"

"သာဓု. . ."

"သာဓု. . ."

"သာဓု. . ."

အမျှအတမ်းပေးဝေလိုက်သည်နှင့် ကောင်းကင်တစ်ခွင်လုံး နေ့ကြောင်တောင် မှောင်အတိကျသွားတော့သည်။

"ဝှီ"

"ဝှီ"

"ရွှီ"

"ရွှီ"

လေတိုးသံတွေ သချိုင်းမြေတစ်ခွင်လုံး ဆူဆူညံလို့လာ၏။

တဖြည်းဖြည်းနဲ့ ဖရိုကွမ်စီမြင့်လာသော အသံတွေ နားထဲမှာ ညံထွက်နေသည်။

ခန္ဓာကိုယ်၏အကြော(သွေးကြောများ) အားလုံးလိမ်တွန့် ချိုင်စစ်စီး ကူးနေသည့်နှယ် ဖြိုးဖြိုးဖျတ်ဖျတ် လှုပ်ခုန်သည်မှာ



www.burmeseclassic.com

www.burmeseclassic.com


ပြတ်ထွက်စုတ်ပြတ်သတ် တော့မတတ်။

ရင်ထဲမှာ ပျို့တက်လာ၏။

အသံတွေက မရပ်နိုင်၊ ဆက်လက်မြည်နေ၏။

ဤအတိုင်းသာဆက်မြည်နေမည်ဆိုလျှင်. . .

သူ့အတွက်ထက် သမီးလေးအတွက် စိတ်ပူမှုတွေကြီးထွား လာ၏။

သမီးလေး၏ နားတွေကို လက်နှစ်ဖက်ဖြင့် ပိတ်ထားလိုက်သည်။

လျှပ်စီးနှင့်ငြိမ်းလည်း အသံတွေ၏ဒဏ်ကို လူးလိမ့်ခံနေရသည်။

ဆရာတော်များမှာမူ ကမ္ဘဝါရွတ်ဖတ်သံအဆက်မပြတ်. . .

"ဂျစ်"

"ဂျစ်"

"ဂျိန်း"

မိုးကြိုးထစ်သံကြီးက ဘဝင်ကွဲမတတ် ထမြည်အပြီး လေတိုးသံ စူးစူးကြီးများ တိခနဲ ရပ်သွားတော့သည်။

အဲဒီနောက်မှာတော့ စူးရှသောအလင်းတန်းများ လွန်းထိုး ယှက်တင် လင်းလက်လို့သွားသည်။

အလင်းတန်းတွေ ပျံ့လွင့်ရာမှ စုစည်းသွား၏။

Fendermental Colours နီ၊ ပြာ၊ စိမ်းသုံးရောင်တန်းကြီး သချိုင်းမြေမှ ကောင်းကင်ဆီသို့ ထိုးတက်သွား၏။

နောက်တော့ အလင်းတန်းစုသည် အဆစ်ဆစ်အပိုင်းပိုင်း


www.burmeseclassic.com

www.burmeseclassic.com



ပြတ်ကာ နီနီပြာပြာ စိမ်းစိမ်းမျက်လုံးပေါင်းများစွာအဖြစ် အသွင်
ပြောင်းပြီး ပျောက်ကွယ်သွားတော့သည်။

ဆရာတော်တို့အားလည်း ပြန်လည်ပို့ဆောင်ပြီးပြီ။

ပန်းရုံအဖွဲ့သည်လည်း မသင်းမေ၏အုတ်ဂူထိပ်မှ လက်ညှိုးလုံး
ခန့် အပေါက်လေးပေါက်နေသည်ကို အင်္ဂတေပိတ်ပြီး၍ ပြန်လည်
ပို့ပြီးပြီ။

အခုတော့လည်း သူမမိခင် မသင်းမေ၏အုတ်ဂူအား ရှိခို
တန်တော့စေသည်။

"သမီးလေး၊ အဲဒါ မေမေမသင်းမေ နောက်ဆုံးချန်ခဲ့တဲ့ ရုပ်ခန္
အစုအဖွဲ့တွေထားတဲ့ အုတ်ဂူပဲ"

"မေမေ. . . မီးမီးကန်တော့ပါတယ်လို့ပြောပြီး ဦးသုံးကြိမ်ချတန်
တော့ လိုက်တော့နော်"

"ဟုတ်ကဲ့ ဖေဖေ"

"မေမေ မီးမီးကန်တော့ပါတယ်"

"မသင်းမေရေ၊ မင်းသမီးလေးအတွက် စိတ်ဖြောင့်ပါတော့
သွားလိုရာကို ဖြောင့်ဖြောင့်သွားနိုင်ပါပြီ"

သူ ထိုသို့ပြောလိုက်သည်တွင် သမီးလေးက. . .

"မေမေ တာ့တာ. . ."

"မေမေ တာ့တာ. . ."

"မေမေ တာ့တာ. . ."

www.burmeseclassic.com



သမီးလေး တစာစာအော်နေရှာ၏။ မျက်ဝန်းထဲမှာ မျက်ရည်ဥတွေ သီးခိုနေရှာသည်။ အရွယ်နဲ့မမျှခံစားရသည့် သမီးလေးအတွက် ရင်မှာ ကျင်ရှလှပါ၏။

"အခုအချိန်ကစပြီး. . ."

"ဖေဖေဟာ. . . သမီးဖေဖေ"

"ဟောဒီက အန်တီငြိမ်းဟာ သမီးမေမေ"

"ဖေဖေကောင်းကောင်း၊ မေမေငြိမ်းနဲ့ သမီးငယ်"

သူစကားမဆုံးခင် ငြိမ်းက သူ့နှုတ်ကိုလက်ဖြင့် ကမန်းကတမ်း ပိတ်၏။

"ကိုကို ငြိမ်း လက်မထပ်နိုင်သေးဘူး"

"ဟော. . . ဘာ ဘာဖြစ်လို့လဲ ငြိမ်းရယ်"

"ကိုချစ်တဲ့ငြိမ်းက ဒီတငြိမ်းမဟုတ်လို့ပေါ့"

"ဟာ ငြိမ်းဟာ ကိုယ့်ဘဝမှာ တစ်ယောက်တည်းပဲရှိတာလေ"

"မဟုတ်ပါဘူးကို"

"ကျွန်မဟာ ကလေးဘဝကတည်းက သမားတော်ကြီးဖြစ်တဲ့ အဘိုးနဲ့အတူ တောထဲ(ကိုနဲ့တွေ့တဲ့တော)မှာ အနေများခဲ့တယ်။ ကိုကို ငြိမ်းစမြင်ကတည်းကကို စမ်းချောင်းထဲမှာ မျောပါလာ တတည်းက ချစ်မိခဲ့ပါတယ်"

"မမကြီးနွဲ့နွဲ့ငြိမ်းရဲ့ချစ်သူမှန်းသိလျက် စွဲစွဲနစ်နစ်ချစ်ခဲ့မိတာပါ။ တစ်ချိန်မှာ အဖြစ်မှန်ကို ဖွင့်ပြောလိုပေမယ့် ကို့အနေနဲ့ ကျွန်မဟာ



www.burmeseclassic.com

www.burmeseclassic.com



တို့အချစ်ကို ညာယူတဲ့ကောင်မလေးလို့အမြင်ခံ၊ အမုန်းခံရမှာ ကြောက်လို့ ထိန်ချန်ခဲ့တယ်. . ."

"အခုတော့ ကျွန်မ မညာချင်တော့ဘူး. . . အတုအယောင် ဘဝနဲ့လည်း မနေနိုင်တော့ဘူး. . . ကိုမုန်းချင်လည်း မုန်းလိုက်တော့. . ."

"ကျွန်မဟာ လဲ့လဲ့ငြိမ်းဆိုတာ ဝန်ခံပါတယ်"

"ကျွန်မကို ခွင့်ပြုပါအုံး. . ."

စကားအရှည်ကြီးပြောပြီး ငြိမ်းသုသဿန်ထဲမှ တရွေ့ရွေ့ထွက်ခွာသွား၏။ သူ့ရင်တွေ လှုပ်ခနဲ လစ်ဟာသွားတော့သည်။

"ငြိမ်း. . . ငြိမ်း ကိုချစ်တာ ဟောဒီငြိမ်းကိုပါ"

"ကိုနဲ့သမီးလေးကို မထားခဲ့ပါနဲ့နော်. . ."

"မေမေ. . . သမီးနဲ့ဖေဖေ မေမေ့ကိုချစ်ပါတယ်. . . ချစ်မတွားပါနဲ့နော်. . ."

ငြိမ်းခြေလှမ်းတွေ တိခနဲရပ်သွား၏။ ဖျတ်ခနဲ လှည့်ကြည့်၏။ အပြုံးတစ်ချက်လက်သွားပြီးမှ. . .

"ကျွန်မကိုချစ်ရင် ငြိမ်းလို့ မခေါ်ပဲနေနိုင်လား. . ."

"နေနိုင်တာပေါ့၊ ဘယ်လိုခေါ်ရမလဲ. . ."

"လဲ့လဲ့"

"အို. . . ရတယ် ငြိမ်း၊ အဲ. . . ခေါ်ပါ့မယ် လဲ့လဲ့ရယ်. . ."

"ကို့ကိုလည်း ကိုလို့မခေါ်နဲ့တော့နော်"



www.burmeseclassic.com

www.burmeseclassic.com


"ကိုကြီးလို့ပဲ ခေါ်ပါ လဲ့လဲ့ရယ်"

"လဲ့လဲ့"

"ကိုကြီး"

"သမီးလေးကို လဲ့လဲ့ပဲ နာမည်ပေးချင်တယ် ကိုကြီး"

"လဲ့လဲ့သဘော"

"ဦးကောင်းကောင်း၊ ခေါ်လဲ့လဲ့ရဲ့သမီး လဲ့လဲ့ကောင်း"

"အိုး"

သိပ်ကောင်းတယ်ဟော့"

"ကောင်းကောင်း၊ လဲ့လဲ့၊ လဲ့လဲ့ကောင်းမိသားစု. . . အိုကေ၊ ငါတော့ သိပ်ကြိုက်သွားပြီ"

"လျှံပီးက နှစ်ထောင်းအားရ ဂုဏ်ပြုလိုက်သည်။

လဲ့လဲ့က သမီးလေးကို ပွေ့ချီနမ်းရှိုက်လိုက်၏။

"ကိုကြီးကိုလည်း နမ်းအုံးလေ. . . ဝလဲ့လဲ့"

"လဲ့လဲ့ ကိုကြီးကို သိပ်ချစ်တာပါရှင်"

လဲ့လဲ့၏ နှာသီးဖျားလေး သွေ့ပါးပြင်ထဲ နစ်ဝင်သွားစဉ်. . .

"အင့်"

ဇရပ်ကြီး၏နောက်ဖက် မသင်းမေအုတ်ဂူဆီမှ အမျိုးသမီးတစ်ယောက် ရှိုက်ငင်လျက်က သူတို့အားငေးကြည့်နေ၏။

ပြီးပါပြီ

ပုဏ္ဏက


www.burmeseclassic.com